ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး**

(၃၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၈၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ၂၅-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဒွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေးတို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၆)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပန်ကြားသူ(၁၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆေးရုံကို ခုတင်(၅၀)ဆေးရုံအဆင့်မှ ခုတင်(၁၀၀)ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆေးရုံကို ခုတင်(၅၀)ဆေးရုံအဆင့်မှ ခုတင်(၁၀၀)ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကိန်းဂဏန်းအချို့ကို Power Point နဲ့ တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ အခုမြင်နေရတဲ့ စာရင်းဇယားများကတော့၊ ကိန်းဂဏန်းများကတော့ ကျိုက်ထိုမြို့နယ်၊ ဆေးရုံရဲ့ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်ချက်များ ဖြစ်ပါတယ်။ ခြုံကြည့်လိုက်ရင် ဆေးရုံအတွင်းလူနာဟာ ၂၀၁၁ ခုနှစ်ကထက်စာရင် ၂၀၁၆ ခုနှစ်မှာ နှစ်ဆခွဲခန့်၊ မွေးလူနာဟာ သုံးဆခန့်၊ ဆေးရုံပြင်ပလူနာဟာ ငါးဆခန့် တိုးတက်လာတာကို မြင်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြီးခဲ့တဲ့(၁၇)ရက်နေ့က ကျွန်တော့်မဲဆန္ဒနယ်ကို ပြန်ရောက်တဲ့အခါမှာ TMO နဲ့တွေ့ပါတယ်။ နေ့စဉ် မွေးလူနာဟာ (၂၅)ဦးလောက် အဆင်း၊ အတက် ရှိနေပြီဖြစ်ကြောင်းလည်း သိခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်မှာပင် ခွင့်ပြုခုတင်ထက် ပိုသုံးနေတာကိုလည်းပဲ စာရင်းဇယားမှာ တွေ့နိုင်ပါတယ်။ ကျွန်တော်တို့ ကျိုက်ထိုမြို့ကနေပြီးတော့ တခြားအဆင့်မြင့်ဆေးရုံဖြစ်တဲ့ သထုံမြို့၊ ပဲခူးမြို့နဲ့ ရန်ကုန်မြို့များကို Refer လုပ်ရတဲ့လူနာကလည်း မနည်းပါဘူး။ ငွေကြေးတတ်နိုင်သူများကတော့ အဆင်ပြေပေမယ့် ငွေကြေးမတတ်နိုင်တဲ့ လူနာများအတွက် အခက်အခဲနဲ့ ကြုံရပါတယ်။ ကျိုက်ထို မြို့နယ်ဆေးရုံက ဆရာဝန်များကို အပြစ်ဆိုလိုခြင်း မဟုတ်ပါ။ ကုသရမယ့် လူနာရဲ့ ရောဂါအခြေအနေ ကြောင့် Refer လုပ်ရတာကို ဆိုခြင်း ဖြစ်ပါတယ်။ ကျိုက်ထိုမြို့နယ်ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံ အဖြစ် တိုးမြှင့်ဖို့ လိုအပ်တဲ့အကြောင်းအချက်၊ အဓိကအချက်ကြီးတစ်ခု ရှိနေပါတယ်။ အဲဒီဟာကတော့ ကျွန်တော်တို့ရဲ့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပေါင်းလောင်းတောင်တန်းပေါ်မှာ မြတ်ဗုဒ္ဓရဲ့ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ကိန်းအောင်းစံပယ်တော်မူပါတယ်။

အဲဒီကိုနှစ်စဉ် ၂၀၁၄ ခုနှစ်က ပြည်ပက ဧည့်သည်၊ ဘုရားဖူးလေ့လာသူများ တစ်သိန်းနဲ့ ပြည်တွင်းက သိန်း(၂၀)လာခဲ့ပါတယ်။ အခု ၂၀၁၆-၂၀၁၇ ခုနှစ်၊ ပွဲတော်ရာသီမှာ စုစုပေါင်း ပြည်တွင်း ရော ပြည်ပပါ (၂၅)သိန်းခန့် လာရောက်ခဲ့ကြောင်း သိရှိရပါတယ်။ ဒီလိုသိရှိတာလည်း ကျွန်တော်ဟာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်အဖြစ် လုပ်နေလို့ ဒီကိန်းဂဏန်းများဟာ အမှန်နဲ့ အနီးစပ်ဆုံးဖြစ်ကြောင်း ပြောနိုင် ပါတယ်။ ဒီလောက်များပြားတဲ့ဧည့်သည်တွေဟာ ဘယ်လိုလာကြသလဲဆိုတော့ မော်တော်ယာဉ်မျိုးစုံနဲ့ လာကြတာဖြစ်ပါတယ်။ ဒါ့အပြင် တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ် ကျွန်ကိုးမြို့နယ်က စီးပွားရေး၊ လူမှုရေးနဲ့ ဖြတ်သန်းသွားလာနေတဲ့ မော်တော်ယာဉ်များ၊ ရွာများမှာပင် တစ်အိမ်တစ်စီး လောက်ရှိနေတဲ့ မော်တော်ဆိုင်ကယ်များ၊ မြို့နယ်အတွင်းမှာ လမ်းအကွေ့အကောက်နဲ့ တောင်တက် တောင်ဆင်းများမှုတွေကြောင့် ယာဉ်မတော်တဆမှုများဟာ နေ့စဉ်လို ဖြစ်နေပါတယ်။

အဲဒီဟာကြောင့် အရိုးကျိုးအက်တဲ့လူနာတွေကို ကျွန်တော်တို့ ပြင်ပဆေးရုံများကို သက်ဆိုင်ရာ နာရေးကူညီမှုအသင်းများက ပို့နေရပါတယ်။ ခုတင်(၅၀)ဆံ့ဆေးရုံ ဖွဲ့စည်းပုံမှာ အရိုးအထူးကုနဲ့ သမားတော်များ ပါဝင်ခြင်းမရှိပါ။ ဒီလိုထူးခြားတဲ့ အခြေအနေက အရိုးအထူးကု ဆရာဝန်ကြီးနဲ့ သမားတော်ကြီးများ လိုအပ်လျက်ရှိကြောင်း တောင်းဆိုနေတယ်လို့ ယူဆနိုင်ပါတယ်။ နိုင်ငံခြားသားများဟာလည်းပဲ အရိုးအထူးကု ဆရာဝန်ကြီးများနဲ့ သမားတော်ကြီးများရဲ့ ကုသမှုကို လိုအပ်တဲ့အခါမှာ ကျိုက်ထိုမြို့နယ်မှာ အဲဒီလိုဆရာဝန်ကြီးများ ရှိနေပါမှ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ၂၀၂၀ ပြည့်နှစ်မှာ ပြည်ပက ဘုရားဖူးဧည့်သည် (၃)သိန်းနဲ့ ပြည်တွင်းက (၄၅)သိန်းကျော် လာမယ်လို့ ပညာရှင်တစ်ဦးဖြစ်တဲ့ George Darris ဆိုသူက ခန့်မှန်းထားပါတယ်။

အဲဒီတော့ ကျိုက်ထိုမြို့နယ်ဆေးရုံကို ခုတင်(၅၀)အဆင့်ကနေပြီးတော့ ခုတင်(၁၀၀)အဆင့် ဖြစ်အောင် တိုးမြှင့်ဖို့ လိုအပ်နေတာကြောင့် တိုးမြှင့်ဖို့ အစီအစဉ် ရှိ/မရှိနဲ့ တိုးမြှင့်မယ် ဆိုလို့ရှိရင်လည်းပဲ မည်သည့်ဘဏ္ဍာရေးနှစ်မှာ တိုးမြှင့်ဖို့ စီစဉ်ထားကြောင်း သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးပါ။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ သမန်းကျင်းကျေးရွာ၊ ပြတောက်ကျေးရွာ၊ ပန်းတောလေးကျေးရွာ၊ ခြောက်ပင်ကျွန်းကျေးရွာနှင့် ကုန်းသောင်ကျေးရွာတို့တွင်ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ သမန်းကျင်းကျေးရွာ၊ ပြတောက်ကျေးရွာ၊ ပန်းတောလေးကျေးရွာ၊ ခြောက်ပင်ကျွန်းကျေးရွာနှင့် ကုန်းသောင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်များ ချထားပေးရန်အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်ရှိ သမန်းကျင်းကျေးရွာ အပါအဝင် ကျေးရွာ(၅)ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မေးမြန်းလိုတဲ့ အကျိုးအကြောင်းဖော်ပြချက်ကတော့ စလင်းမြို့နယ်ဟာ မကွေးတိုင်းဒေသကြီးမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၁၀၉)အုပ်စု၊ ကျေးရွာပေါင်း(၄၁၅)ရွာရှိပြီး နယ်မြေကျယ်ဝန်းပြီး တချို့ကျေးရွာတွေဟာ သွားလာရေး များစွာခက်ခဲကြပါတယ်။ အထူးသဖြင့် မိုးတွင်းကာလဆို စလင်းမြို့ကို ခြေလျင်ခရီးတောင် သွားလာရန် တော်တော်ခက်ခဲတဲ့ရွာတွေ တည်ရှိနေပါတယ်။ ယင်းကဲ့သို့ သွားလာရန် ခက်ခဲတဲ့ကျေးရွာထဲမှ တိုက်နယ်ဆေးရုံနဲ့ အခြားလက်အောက်ခံ RHC လက်အောက်ခံနယ်မြေအတွင်း ကျရောက်နေတဲ့ သမန်းကျင်းကျေးရွာ၊ ပြတောက်ကျေးရွာ၊ ပန်းတောလေးကျေးရွာ၊ ခြောက်ပင်ကျွန်းကျေးရွာနှင့် ကုန်းသောင်ကျေးရွာမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် အထူးလိုအပ်နေကြောင်းနှင့် မူလ RHC ရှိရာနေရာကို သွားလာရာတွင် လွယ်ကူချောမွေ့မှု မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်ခင်ဗျား။

ဒီကျေးရွာတွေကို ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်များ ဖွင့်လှစ်ရန်အတွက် မြေနေရာများ ရှာဖွေပြီးစီးပြီးလည်း ဖြစ်ပါတယ်။ ဒီကျေးရွာတွေကို ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်များ ဖွင့်လှစ်ပေးရန်အတွက် သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနကလည်း အထက်အဆင့်ဆင့်သို့ တင်ပြထားပြီဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်ခင်ဗျား။

အဲဒီတော့ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်ရှိ သမန်းကျင်းကျေးရွာ၊ ပြတောက်ကျေးရွာ၊ ပန်းတောလေးကျေးရွာ၊ ခြောက်ပင်ကျွန်းကျေးရွာနှင့် ကုန်းသောင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ လိုအပ်သော အစီရင်ခံစာ (၅)စောင် ပူးတွဲပေးပို့လျက် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သိန်း(၅၀၀)ဖြင့် သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အောင်တံခွန် အားကစားကွင်း အဆင့်မြှင့်တင် ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါအောင်ကုမ္ပဏီအနေဖြင့် စံချိန်စံညွှန်းမပြည့်မီခြင်းနှင့် လုပ်ငန်းအပ်နှံခြင်း မရှိသေးခြင်းအပေါ် မည်သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သိန်း(၅၀၀)ဖြင့် သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အောင်တံခွန် အားကစားကွင်း အဆင့်မြှင့်တင် ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါအောင် ကုမ္ပဏီအနေဖြင့် စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် လုပ်ငန်းအပ်နှံခြင်း မရှိသေးခြင်းအပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ယနေ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သိန်း(၅၀၀)နဲ့ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အောင်တံခွန် အားကစားကွင်း အဆင့်မြှင့်တင် ပြုပြင်ဆောက်လုပ်ခြင်း လုပ်ငန်းအောင်တဲ့ ပြည်ကြီးအောင်ကုမ္ပဏီအနေနဲ့ ကျွန်တော်တို့ စံချိန်စံညွှန်းမပြည့်မီခြင်းနှင့် လုပ်ငန်းအပ်နှံခြင်း မရှိသေးခြင်းတို့အပေါ် ကျွန်တော်တို့ မည်သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အောင်တံခွန် အားကစားကွင်း အဆင့်မြှင့်တင် ပြုပြင်ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် ပြည်ကြီးအောင်ကုမ္ပဏီက ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးရန်ပုံငွေနဲ့ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သိန်း(၅၀၀)နဲ့ တင်ဒါအောင်မြင်ခဲ့ပါတယ်။ အဲဒီလို အောင်မြင်တဲ့အတွက် ကျွန်တော်တို့ လုပ်ဆောင်ပေးရမယ့် လုပ်ငန်း(၄)ခုကတော့ ဘောလုံးကွင်း မြေကြီးဖြည့်ခြင်း၊ ညှိခြင်း လုပ်ငန်းအတွက် သိန်းပေါင်း (၂၆၄၈၂၈၀၀)ကျပ်နဲ့ ကျွန်တော်တို့ ဘောလုံးကွင်းဘေးက အုတ်ခုံနဲ့ သံဇကာ ကာခြင်းလုပ်ငန်းတွေအတွက် (၁၀၇၂၀၉၈၅)ကျပ်၊ နောက်တစ်ခါ ကျွန်တော်တို့ ဒီ ဘောလုံးကွင်းမှာရှိတဲ့ Box Culvert အတွက် ကျပ်(၆၀၉၄၃၀)နဲ့ ဘောလုံးကွင်း ပွဲကြည့်စင်နဲ့ ရုံးခန်းများ ပြုပြင်ရန်အတွက် (၁၂၁၈၇၄၇၄)ကျပ်၊ စုစုပေါင်း ကျပ်သိန်း(၅၀၀)နဲ့ ပြုလုပ်ပေးဖို့ ဖြစ်ပါတယ်။

အဲဒီလိုပြုလုပ်ဖို့အတွက် မင်းလှမြို့နယ်၊ လုပ်ငန်းကြီးကြပ်ရေးကော်မတီကိုလည်းပဲ ၂၂-၉-၂၀၁၅ ရက်နေ့မှာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြို့နယ်အားကစားမှူးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ မြို့မိ၊ မြို့ဖ သုံးဦးက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သော ကော်မတီကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကော်မတီဟာ အဲဒီအချိန်ကတည်းက လိုအပ်တဲ့ဟာတွေကို ဖြည့်ဆည်းပေးဖို့ ပြောကြားခဲ့သော်လည်း ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြောင်းလည်း သိရှိခဲ့ရပါတယ်။ အဲဒါကြောင့်မို့လို့ မြို့နယ်ကြီးကြပ်ရေးကော်မတီဟာ လုပ်ငန်းလက်ခံခြင်း မရှိခဲ့တာကိုလည်း သိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ၂၄-၁-၂၀၁၇ ရက်နေ့မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး၊ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ မြို့နယ်ကြီးကြပ်ရေးမှူး အဖွဲ့နဲ့ မြို့မိမြို့ဖများဟာ ပြည်ကြီးအောင်ကုမ္ပဏီက မန်နေဂျာ ဦးစိုင်းသီဟ ကို ခေါ်ယူပြီးတော့ ကျွန်တော်တို့ လုပ်ငန်းတွေ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ အဲဒီလိုစစ်ဆေးတဲ့အခါမှာလည်း အချက် (၈) ချက် သွားပြီးတော့ တွေ့ရပါတယ်။

အဲဒီဟာတွေကတော့ ကျွန်တော်တို့ သံဇကာတင်တဲ့အုတ်ခုံတွေ ပျက်စီးနေတယ်။ သံဇကာ တိုင်တွေတပ်တဲ့ လေးလက်မပတ်လည် ကွန်ကရစ်တိုင်တွေဟာ ကျိုးလဲနေတာကိုလည်း တွေ့ရပါတယ်။ အဲဒီတိုင်တွေမှာ ငါးမူးလုံးသို့မဟုတ် သုံးမူးလုံးကို မတ်လုံးနဲ့စတားကွင်း လုပ်ပြီးတော့ ကျောက်လောင်း ရမယ့်အစားအထဲမှာ မတ်လုံးလေးသုံးချောင်းကိုပဲ ထည့်ထားတာကိုလည်း တွေ့ရပါတယ်။ တစ်ခါ ယိုင်နဲ့နေတဲ့ တိုင်တွေကိုလည်း ထီးရိုးဝါးတန်းတွေနဲ့ ချည်နှောင်ထားတာကိုလည်း တွေ့ရပါတယ်။ နောက် သံဇကာတွေကလည်းပဲ ကျွန်တော်တို့ သံနန်းကြိုးတွေ သေးနေတာကိုလည်း တွေ့ရပါတယ်။ နောက်တစ်ခါ ကျနတဲ့တိုင်တွေကို ကျွန်တော်တို့ ဒီလက်မောင်းနဲ့ အားနဲ့ မသုံးဘဲနဲ့ လက်ညှိုးလေးနဲ့ တေ့ပြီးတော့ လှုပ်လိုက်တာနဲ့ သွက်သွက်ခါအောင်ရမ်းနေတာကို အံ့သြဖွယ် တွေ့ခဲ့ရပါတယ်။ နောက်တစ်ခါ အဲဒီတိုင်တွေက ကွန်ကရစ်အုတ်ခုံထဲကို အနည်းငယ်သာ မြှုပ်ထားတာကိုလည်း တွေ့ရှိ ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဘောလုံးကွင်းကြီးရဲ့တောင်ဘက် ဂိုးပေါက်ရှေ့မှာရှိတဲ့ မြေတွေ ကလည်း နိမ့်ပြီးတော့ ရွှံ့ဗွက်တွေဖြစ်တဲ့အတွက်ကြောင့် အဲ့ဒါတွေကိုလည်း တွေ့ရှိခဲ့ရပါတယ်။ အဲဒီလို တွေ့ရှိချက်(၈)ချက်နဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ကုမ္ပဏီရဲ့

မန်နေဂျာကို ပြောပြတဲ့အခါမှာ သူက ဒါတွေကို အကုန်ပြုပြင်ပေးမယ့်အကြောင်း ကတိခံဝန်ချက် လုပ်သွားပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ လေးလခန့်အကြာ ၂၈-၄-၂၀၁၇ ရက်နေ့မှာ ကျွန်တော်တို့ ဒုတိယအကြိမ် သွားရောက်စစ်ဆေးတဲ့အခါမှာ ဘာမှမလုပ်သေးတဲ့အပြင် လာရောက်ခြင်းမရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နဲ့ တိုင်းအားကစားမှူးတို့က ဒီကုမ္ပဏီဆီကို အကြိမ်ကြိမ်ဖုန်းဆက်သော်လည်း ဖုန်းမကိုင်ခဲ့ကြပါဘူး။ ဒါကြောင့်မို့လို့ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးက စာထွက်ပြီးတော့၊ မြို့နယ်အားကစားမှူးနဲ့ ညှိနှိုင်းပြီးတော့ အမြန်ဆုံး ပြင်ဆင်လုပ်ဖို့ စာထွက်ခဲ့ပါတယ်။ သို့သော်လည်း ယခုအချိန်အထိ အကြောင်းပြန်ခြင်း၊ လာရောက် လုပ်ကိုင်ခြင်းမရှိတာကို တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သိန်း(၁၀၀၀)နဲ့ ဆောက်လုပ်တဲ့ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အောင်တံခွန်အားကစားကွင်း အဆင့် မြှင့်တင် ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီအနေနဲ့ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် လုပ်ငန်းအပ်နှံခြင်း မရှိသေးခြင်းအပေါ် ------------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ ကျပ်သိန်း(၅၀၀)နဲ့ ဆောင်ရွက်တယ်လို့ ပါတယ်။ ခုနကတင်ပြတာ သိန်း(၁၀၀၀)ဖြစ်နေတယ်၊ ဘယ်ဟာအမှန်လဲ။ သိန်း(၁၀၀၀) ပြောသွားလို့။

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ ကျပ်သိန်း(၅၀၀)ပါ။

**ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အလျား(၉၀)ပေ၊ အနံ(၈၀)ပေရှိ ကျေးရွာပိုင် ဘောလုံးကွင်းများ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး က ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းရှိ ကျေးရွာများတွင် အလျား(၉၀)ပေ၊ အနံ(၈၀) ပေရှိ ကျေးရွာပိုင် ဘောလုံးကွင်းများ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒေါ်နော်ဆာမူထူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော လူကြီးမင်းများအားလုံး မင်္ဂလာပါ။ သာယာပျော်ရွှင်ဖွယ်ကောင်းသောနေ့ ဖြစ်ပါစေ။ (ကရင်ဘာသာ စကားဖြင့်နှုတ်ခွန်းဆက်သည်)။ ကျွန်မကတော့ ကရင်ပြည်နယ် အမှတ်(၁၁)၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာ/အားကစား၊ ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင် နော်ဆာမူထူး ဖြစ်ပါတယ်။ ကျွန်မမေးမြန်းရမယ့် မေးခွန်းကတော့ ဖော်ပြထားသည့်အတိုင်း ကြားနာရသည် ဖြစ်သည့် အတွက်ကြောင့် ဆက်လက်ပြီး ကျွန်မ တင်ပြချက်နှင့်တကွ၊ ဖော်ပြချက်နဲ့တကွ ဆက်လက်မေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တိုင်းပြည်တစ်ပြည် တိုးတက်မြင့်မားဖို့ရန် ကျန်းမာရေးသည် အရေးပါသော အချက်တစ်ချက်ဖြစ်ပါသည်။ အားကစားသည် လူသားများကို ကျန်းမာပျော်ရွှင်ဖို့၊ ကိုယ်ကျင့်တရားကောင်းမွန်ဖို့၊ မူးယစ်ဆေးဝါးမှ ကင်းဝေးစေဖို့ စွမ်းဆောင်နိုင်ပါသည်။ အားကစားသည် လူသားများ ကျန်းမာရေးအတွက် ဘက်ပေါင်းစုံမှ ဝန်ဆောင်မှုပေးနိုင်သော အရာတစ်ခု ဖြစ်သည်ဟုလည်း မငြင်းသာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ မဲဆန္ဒရှင် ကျေးရွာသူ၊ ကျေးရွာသားများနဲ့ တွေ့ဆုံသောအခါ ကျေးရွာပိုင် ဘောလုံးကွင်းကို မဲဆန္ဒရှင်ရွာသား လူငယ်၊ လူကြီး၊ အမျိုးသမီးများက တောင်းဆိုလာကြပါသည်။ ကျွန်မကလည်း မေးပါတယ်။ ဘောလုံးကွင်းကို လူငယ်တောင်းဆိုတာ သဘာဝကျပါတယ်။ ဘောလုံးမကန်နိုင်တဲ့ သက်ကြီးရွယ်အို ယောကျ်ားကြီးတွေ၊ ဘောလုံးမကန်တတ်သော အမျိုးသမီးကြီးတွေ ဘာဖြစ်လို့ ဘောလုံးကွင်းကို တောင်းဆိုပါသလဲဟု မေးသောအခါ ကျွန်တော်၊ ကျွန်မတို့လည်း လူငယ်အတွက် တောင်းဆိုပေးသလို လူငယ်တွေ ဘောလုံးကန်ကြရင် အားပေးရ၊ အော်ရ၊ ရယ်ရ၊ စိတ်ချမ်းသာ ကျန်းမာပျော်ရွှင်ရပါတယ်။ တစ်နည်းအားဖြင့် လူငယ်တွေကို မူးယစ်ဆေးဝါး အန္တရာယ်နဲ့ ကင်းဝေးဖို့ ရည်ရွယ်တယ် ဟုလည်း ဖြေကြားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တချို့ကျေးရွာများသည် ဘောလုံးကွင်း တည်ဆောက်ဖို့ မြေအကျယ်လုံလောက်စွာ ရှိပေမယ့် မြေညှိပြုပြင်ဖို့ အင်အားမရှိပါ။ တချို့ကျေးရွာများက ဘောလုံးကွင်း တည်ဆောက်ဖို့ရန် မြေမရှိပါ။ ဘောလုံးကွင်းအတွက် ရောင်းပေးရန် မြေရှိပေမယ့် ဝယ်ယူရန် အင်အားမရှိပါ။ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အလျား(၉၀)ပေ၊ အနံ(၈၀)ပေ ကျယ်ဝန်းသော ကျေးရွာဘောလုံးကွင်းများကို ကူညီပံ့ပိုးဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူလူထုမဲဆန္ဒရှင်များကိုယ်စား လေးစားရပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ လူကြီးမင်းများအားလုံး ချမ်းမြေ့ကြပါစေရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုတောင်းအပ်ပါသည်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ၏ ကြယ်ပွင့်ပြမေးခွန်းအား မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ခုတင်(၅၀)ဆံ့ ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြေကြားမယ် ဖြစ်ပါတယ်။

ကျိုက်ထိုဆေးရုံသည် အနီးအနားရှိ ဆေးရုံများနှင့်ဝေးကွာမှုမရှိဘဲ ရာသီမရွေး သွားလာနိုင်သော လမ်းများရှိပါသည်။ ခုတင်(၅၀၀)ဆံ့ ပဲခူးပြည်သူ့ဆေးရုံကြီးနှင့် မိုင်(၆၀)၊ ခုတင်(၁၀၀)ဆံ့ သထုံ ပြည်သူ့ဆေးရုံကြီးနှင့် မိုင်(၇၀)သာဝေးပါသည်။ ကျွန်တော်တို့အနေနဲ့ ဒီဆေးရုံ၏လုပ်ငန်း၊ စာရင်းဇယားများကို ပြန်လည်သုံးသပ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက်တွေနဲ့ တော်တော်ကွဲလွဲနေတာကို တွေ့ရပါတယ်။ ဒီအချက်က တော်တော်လေး အရေးကြီးပါတယ်။ ဒီအချက်ကို ကျွန်တော် ရုံးပြန်ရောက်တာနဲ့ သေသေချာချာ စိစစ်ပါတယ်။ ဒါမျိုးဖြစ်နေရင် ကျွန်တော်တို့နိုင်ငံအတွက် အလွန်အန္တရာယ်ရှိပါတယ်။ ဒီလိုစာရင်းမှားတာ။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ စာရင်းများအရဆိုရင်လည်း ဒီဆေးရုံဟာ (၅၀)ကနေ (၁၀၀)ကို တင်လို့ မရသေးပါဘူး။ ကျွန်တော်တို့က ခုတင်အသုံးပြုမှုမျိုးက (၁၅၀)ရှိမှသာလျှင် ကျွန်တော်တို့က ခုတင်ကို တိုးလို့ရပါတယ်။

သို့သော်လည်း ကျွန်တော်တို့ ပြီးခဲ့တဲ့သုံးပတ်လောက်က နိုင်ငံတော်၏အတိုင်ပင်ခံက ဒီအမျိုးသား Planing Commission ပေါ့လေ။ စီမံကိန်းကော်မရှင်မှာ ပြောသွားပါတယ်။ ကျွန်တော်တို့က ချဉ်းကပ်ပုံ ချဉ်းကပ်နည်းက အရင်အတိုင်း လုပ်လို့မရပါဘူး။ ဒီ Out of the Box Thinking ကအစ အဲဒီလိုစဉ်းစားရမယ်။ ဒီမှာ စဉ်းစားတဲ့အခါမှာ ကျွန်တော် ဘာသွားတွေ့သလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ကျိုက်ထိုမြို့ဟာ တကယ့် Strategically Located ပေါ့၊ တကယ့်အချက်အခြာကျတဲ့နေရာမှာ ဖြစ်တဲ့အပြင် ဘုရားဖူးတွေကလည်း အလွန်များပါတယ်။ ဒီ Tourist တွေကလည်း အလွန်များပါတယ်။ ကျွန်တော် ဒါကို တစ်နည်းတစ်လမ်းနဲ့ စဉ်းစားရမယ်ဆိုရင် ခုတင်(၅၀)ကနေ ခုတင်(၁၀၀) မရသော်ငြားလည်း ဒီဆေးရုံမှာလိုတဲ့ အရိုးအထူးကုနဲ့ သမားတော်ပေါ့၊ Specialist AS ကို ကျွန်တော်က ခြွင်းချက်အနေနဲ့ စဉ်းစားပြီးတော့ ဒါကို လုပ်ပေးပါမယ်။ အဲဒီတော့ ဒီအရိုးတစ်ခု ချလို့လည်း တစ်ခုတည်းနဲ့ မရသေးပါဘူး။ အရိုးအထူးကု ပေးမယ်ဆိုရင် ခွဲစိတ်ခန်းက အစ သူ့အရိုးနဲ့ပတ်သက်ပြီး ဘာတွေလိုတယ်။ ဒါတွေကတော့ လိုပါတယ်။ တိုးရစ်တစ်ယောက်တစ်ခုခု ဒဏ်ရာရလို့ရှိရင် သူ့ကိုမကုနိုင်ရင် ကျွန်တော်တို့ နိုင်ငံအတွက် သိက္ခာကျပါတယ်။ ဒါကိုတော့ ကျွန်တော် အထူးကိစ္စတစ်ရပ်အနေနဲ့ ပြန်လည်စဉ်းစားပေးပါမယ်။ နောက် စာရင်းဇယားကတော့ ကျွန်တော် သေသေချာချာ စဉ်းစားပြီး မည်သူ့မှာ တာဝန်ရှိသလဲ။ ကျွန်တော်တို့ဆီမှာရတဲ့ စာရင်းဇယားနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ စာရင်းဇယားက ကွာနေပါတယ်။ အဲဒါကို ကျွန်တော် လုပ်မယ်။

နောက်တစ်ချက်က ကျွန်တော်တွေ့တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးက ပြောတာ Refer လုပ်တဲ့လူနာတွေများပါတယ်။ Refer လုပ်တာ ဘယ်လိုရောဂါမျိုး၊ ဘယ်လိုဟာမျိုးကို Refer လုပ်တယ်ဆိုတာ ကျွန်တော် ပြန်ပြီးတော့လေ့လာပါမယ်။ လေ့လာလိုက်တဲ့အခါမှာ တစ်ခုမြင်တာတော့ အရိုးအထူးကု မရှိတဲ့အတွက် အရိုးကျိုးတဲ့သူတွေကို Refer လုပ်တာဖြစ်တဲ့အတွက် ကျွန်တော် အရိုးအထူးကုဆရာဝန် တာဝန်ချထားမယ့် တာဝန်ရှိပါတယ်။ အဲဒါကို ကျွန်တော်လုပ်ပေးပါမယ်။ နောက် ကျွန်တော်တို့ ဒီဆေးရုံမှာ ကြည့်တဲ့အခါမှာ ဆရာဝန်အင်အားကလည်း လုံလောက်ပါတယ်။ (၈)ယောက်မှာ (၇)ယောက်ရှိပါတယ်။ သူနာပြုက (၂၃)ယောက်မှာ (၁၆)ယောက်ရှိပါတယ်။ (၇၀)ရာခိုင်နှုန်း ရှိပါတယ်။ ကျွမ်းကျင်ကလည်း (၁၆)ယောက်မှာ (၈)ယောက်ရှိတယ်။ (၅၀)ရာခိုင်နှုန်း ရှိပါတယ်။ ဒီဝန်ထမ်းအားဖြင့်တော့ လုံလောက်မှု ရှိပါတယ်။ သို့သော်လည်း ဆေးရုံကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့က

ဆေးရုံအတွက် လိုအပ်နေသော 25 KVA မီးစက်တစ်လုံးတော့ ကျွန်တော်တို့ ဩဂုတ်လ၊ လာမယ့်လ အတွင်းမှာ ပေးပါမယ်။ ဆေးရုံမှာ ပြင်ဆင်ဖို့ လောလောဆယ် လိုအပ်နေတဲ့ ဆေးစတို ပြင်ဆင်ဖို့ အတွက်ကိုလည်း ဒီ ၂၀၁၇ ဘဏ္ဍာနှစ် ပြင်ဆင်စရိတ်ထဲမှ ကျွန်တော်တို့ ခွဲဝေချထားမှာ ဖြစ်ပါတယ်။

လိုအပ်တဲ့ သူနာပြု၊ သူနာပြုကတော့ (၇၀)ရာခိုင်နှုန်းရှိသော်လည်း ဒီဆေးရုံရဲ့ အရေးကြီးမှု အရ ကျွန်တော်တို့ အပြည့်ခန့်ထားဖို့ လိုတဲ့အတွက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှာ သူနာပြုသစ်လွင် (၁၆၇၃)ဦး ခန့်ထားဖို့ ရှိပါတယ်။ ခန့်တဲ့အခါမှာ ဒီ ကျိုက်ထိုဆေးရုံကို ကျွန်တော်တို့ ဦးစားပေးခန့်ထား ပေးမည်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ပထမမေးခွန်းပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ၏ မေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်၊ စလင်းမြို့နယ်ရှိ သမန်းကျင်းကျေးရွာ၊ ပြတောက်ကျေးရွာ၊ ပန်းတောလေးကျေးရွာ၊ ခြောက်ပင်ကျွန်း ကျေးရွာနှင့် ကုန်းသောင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်တွင် ခွဲဝေချထားမှု ရှိ/မရှိနဲ့ ပတ်သက်၍ ကျွန်တော်ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ဒီဟာကို ကျွန်တော်တို့ အခြေအနေအချက်အလက်ကို ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကုသရေးရှုထောင့်မှာလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးရှုထောင့်မှလည်းကောင်း၊ အနီးအနား ဆေးရုံများ၊ ဆေးခန်းများမှာရှိတဲ့ လုပ်ဆောင်ချက်များ ရှုထောင့်မှလည်းကောင်း၊ ကျွန်တော်တို့ အမျိုးသား ကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၂ အရလည်းကောင်း၊ မြေနေရာရှိခြင်း အခြေအနေအရလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး၏ တင်ပြချက်များအရလည်းကောင်း၊ ကျွန်တော်တို့ အနေနဲ့ ပထမဦးဆုံး ဒီ ခြောက်ပင်ကျေးရွာကိုတော့ စီမံကိန်းနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ ၁၈-၅-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ စဖစ-၂ (၉၆၈/၂၀၁၇)တွင် ကျင်းပသော (၂/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးတွင် သဘောတူညီပြီး ဖြစ်သည့်အတွက် ယခုနှစ်အတွင်းမှာပဲ လုပ်ဆောင်ပေးပါမယ်။ ကျန်တဲ့ကျေးရွာ(၄)ရွာ သမန်းကျင်းကျေးရွာ၊ ပြတောက်ကျေးရွာ၊ ပန်းတောလေးကျေးရွာ၊ ကုန်းသောင်ကျေးရွာ၊ စုစုပေါင်း ကျေးရွာ(၄)ရွာကိုတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းနှင့် ဖွံ့ဖြိုးရေးအဖွဲ့သို့ တင်ပြပြီး ကျွန်တော်တို့ ဆောင်ရွက်ပေးပါမယ်။ ဆောင်ရွက်ပေးတာ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီကျေးလက်ကျန်းမာရေးဌာန(ခွဲ)များအနေနဲ့ အခြားကျေးလက်ကျန်းမာရေးဌာနနဲ့ တော်တော်လေးဝေးပါ တယ်။ လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲပါတယ်။ အဆောက်အအုံ ဆောက်ဖို့လည်း မြေနေရာ အဆင်သင့်ဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ မှာ ကျန်တဲ့(၄)ရွာကို လုပ်မယ်ဖြစ်ကြောင်း ကျွန်တော် ဖြေကြား အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ဒီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ်တွင် ပဲခူးတိုင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီး ရန်ပုံငွေမှ ကျပ်သိန်း

(၅၀၀)ဖြင့် သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အောင်တံခွန် အားကစားကွင်း အဆင့်မြှင့်တင်ရေး ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြန်လည်ကြည့်တဲ့အခါမှာ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အောင်တံခွန် အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် တင်ဒါအောင်တဲ့ ပြည်ကြီးအောင်ကုမ္ပဏီ အနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး ခွင့်ပြုငွေ ကျပ်သိန်း(၅၀၀)နှင့် ၁၇-၆-၂၀၁၅ ရက်နေ့တွင် စာချုပ်ချုပ်ပြီးတော့ လုပ်ငန်းတွေကို ၂၀-၉-၂၀၁၅ ရက်နေ့မှာ လုပ်ပြီးတော့ ၂၉-၂-၂၀၁၆ ရက်နေ့မှာ (၅)လအတွင်း သူက (၁၀၀)ရာခိုင်နှုန်း ပြီးစီးသွားတာကို တွေ့ရပါတယ်။ သို့သော် ဒီ ပြည်ကြီးအောင်ကုမ္ပဏီဟာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၉ ရက်၊ ကျွန်တော်တို့အစိုးရ မတက်ခင်ပေါ့၊ လုပ်ငန်း(၁၀၀)ရာခိုင်နှုန်း ပြီးတဲ့အတွက် လုပ်ငန်းလွှဲပြောင်းရန် မြို့နယ်တည်ဆောက်ရေးကြီးကြပ်မှု ကော်မတီနှင့် တွေ့ဆုံရန် ချိန်းဆိုဆောင်ရွက်ခဲ့သော်လည်း ကုမ္ပဏီက ဆက်သွယ်မှု မရှိပါဘူး။ နှောင့်နှေးပါတယ်။ နောက် မြို့နယ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးကလည်း ပြောင်းရွှေ့သွားပါတယ်။ ကော်မတီဝင်အချို့ကလည်း ကျန်းမာရေး ကုသမှုဖြင့် ခရီးလွန်နေပါတယ်။ ကုမ္ပဏီဘက်မှလည်း အချိန်(၂)လကြာမြင့်မှ ပြန်လည်ဆက်သွယ် ခြင်းကြောင့် ကော်မတီအနေနဲ့ ဒီဟာကို လက်မခံဘဲနဲ့ ဒီလုပ်ငန်းကို မင်းလှမြို့နယ် အားကစားမှူး၏ တင်ပြချက်အရသာ လွှဲပြောင်းလက်ခံပြီး ဆောင်ရွက်တဲ့အတွက်လည်းကောင်း၊ ဘတ်ဂျက်အချိန်ကာလ နီးတဲ့အတွက်လည်းကောင်း ကျန်တဲ့နောက်ဆုံးအရစ် (၂၅)ရာခိုင်နှုန်းကို ၂-၃-၂၀၁၆ ရက်နေ့မှာ ပေးတယ်လို့ သိရပါတယ်။

ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီလိုလုပ်ငန်းမသေသပ်ဘဲ ငွေအပြည့်ပေးချေခြင်းဖြစ်စဉ်ကို အသေးစိတ် ပြန်လည်တင်ပြဖို့ တိုင်းအားကစားမှူးကို ကျွန်တော် ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဘာကြောင့် လူတစ်ယောက်တည်းအနေနဲ့ မပြီးမပြတ်ဘဲနဲ့ ခုန အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း Quality က အလွန်ညံ့တာ၊ ညံ့တဲ့အပြင် တော်တော်လေး အခြေအနေဆိုးတာကို ဘာကြောင့်လက်ခံလဲဆိုတဲ့ကိစ္စကို ကျွန်တော်တို့ ပြန်လည်စစ်ပါမယ်။ ကျွန်တော်တို့ Departmental of Enquiry လုပ်ပါမယ်။ ဘာကြောင့် ဒီဟာကို ပေးလိုက်ရလဲဆိုတာ၊ ဒါ အလွန်အရေးကြီးပါတယ်။ ပြိုသွားလို့ရှိရင် ကျွန်တော်တို့ တော်တော်ကို နောက်ဆက်တွဲတွေ ပြဿနာရှိမှာပါ။ အဲဒီတော့ ပဲခူးတိုင်း ဒေသကြီး စာရင်းစစ်အဖွဲ့မှ ၈-၁၂-၂၀၁၆ ရက်နေ့တွင် အားကစားကွင်းကို စစ်ဆေးခဲ့ရာ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နဲ့ စာရင်းစစ်တို့ရဲ့ စစ်ဆေးတွေ့ရှိချက်များအရ အရည်အသွေးက လျော့နည်းတယ်။ မျက်မြင်ကွာဟချက်တွေရှိတယ်။ ဒေသပေါက်ဈေးနှုန်းကလည်း ကွာခြားတာဖြစ်တဲ့အတွက် ပြည်ကြီး အောင်ကုမ္ပဏီကို ၂၈-၄-၂၀၁၇ ရက်နေ့မှာ လျော်ကြေးငွေ နိုင်ငံတော်ကို ကျပ်သိန်း(၃၀)ကို ချလန်နံပါတ် (၂၄၅) ဖြင့် ပေးသွင်းခဲ့တာတော့ တွေ့ရပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဒီဟာက အရည်အသွေးက အလွန်ညံ့တဲ့အတွက် မြို့နယ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီမှ အားကစားကွင်း တည်ဆောက် ပြီးစီးမှုအား ၂၄-၁-၂၀၁၇ ရက်နေ့မှာ သွားရောက်စစ်ဆေးခဲ့ရာ စံချိန်စံညွှန်းလျော့နည်းခြင်း၊ အရည်အသွေးကတော့ လုံးဝလျော့နည်းတာတွေ တွေ့ရပါတယ်။

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှနေ၍ ၃၀-၆-၂၀၁၇ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၈/၃-၃/ဦး-၆(၃၅၇) ဖြင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ပြည်ကြီးအောင်ကုမ္ပဏီအား အမည်ပျက်စာရင်းတွင် ထည့်သွင်းပေးပါရန် အကြောင်းကြားခဲ့ပြီး ဖြစ်တဲ့အတွက် ပဲခူးတိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ၇-၇-၂၀၁၇ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ရက-ပခတ/စီမံ/၂၀၁၇(၂၄၆) ဖြင့် ပြည်ကြီးအောင်ကုမ္ပဏီသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းဆောင်ရွက်ရာ ကျေနပ်ဖွယ် မရှိကြောင်း ဆောက်လုပ်ရေးတင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသည့်ကုမ္ပဏီ တစ်ခု မဟုတ်ကြောင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ ရင်းနှီးမြှုပ်နှံမှုကော်မတီများသို့ Black List အဖြစ် ဆောင်ရွက်ဖို့ တင်ပြထားတဲ့အတွက် သူတို့က Black List အဖြစ် ဆောင်ရွက်ဖို့ လုပ်ထား ပါတယ်။

သို့သော်လည်း ကျွန်တော့်အနေနဲ့ ဒီနေရာမှာတင်ပြတာတော့ Black List တစ်ခုတည်း နဲ့တော့ ဒါတော့ မလုံလောက်ဘူးလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒီလိုအပ်တဲ့ဟာတွေကိုတော့ သူတို့အနေနဲ့ ပြန်လည်ပြီးတော့ ကြည့်ရှုပြီး ပြန်လည်ပြင်ဆင်ပေါ့၊ မဟုတ်လို့ရှိရင် ကျွန်တော်တို့ Black List ပဲ ထွက်ပြီးဆိုရင်တော့ ဘာမှမထိရောက်သလို ဖြစ်နေပါတယ်။ ဒါတော့ ကျွန်တော့်အနေနဲ့ကတော့ တစ်ယောက်တည်း ဆုံးဖြတ်လို့မရပါဘူး။ ဒါတော့ နိုင်ငံတော်အနေနဲ့ ဆုံးဖြတ်ရမှာဖြစ်တယ်။ ဒီလိုကိစ္စမျိုးကို Black List တစ်ခုတည်း လုံလောက်မှု၊ မလုံလောက်မှုဆိုတာကတော့ အထက် အဖွဲ့အစည်း၊ သက်ဆိုင်ရာ ဒီ ခုနက ဌာနပေါ့လေ၊ ဒီ ကုမ္ပဏီများ အဲဒါကနေ စဉ်းစားရင် သူတို့ရဲ့ဆုံးဖြတ်ချက်အတိုင်း ကျွန်တော်တို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆက်လက် ဆောင်ရွက်သွားမယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ဆာမူထူး ၏ မေးခွန်းအား ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အလျား(၉၀)ပေ၊ အနံ(၈၀)ပေရှိ ကျေးရွာပိုင် ဘောလုံးကွင်းများ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ ဤမေးခွန်းသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးမှ ကရင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ဝင်ရောက်ဖြေဆိုခြင်း ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကျေးရွာပေါင်း (၂၈၆)ရွာတွင် ဘောလုံးကွင်း (၁၄၀)ခန့်ရှိပြီး အဆိုပါ ဘောလုံးကွင်းများသည် မြေယာပိုင်ဆိုင်မှုမရှိဘဲ ကျေးရွာအစီအစဉ်ဖြင့် ဖောက်လုပ်၍ ကစားနေခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုကစားနေခြင်းဟာ ကျွန်တော်တို့အနေနဲ့ ထောက်ခံပါတယ်။ အလွန်ကောင်းသောအချက်လည်း ဖြစ်ပါတယ်။ မြန်မာပြည်မှာ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာလည်း ဒါလုပ်သင့်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်း ကျေးရွာများနှင့် ကျေးရွာကျောင်းများကိုတော့ အားကစားအထောက်အကူပစ္စည်းများဖြစ်တဲ့ နိုင်ငံခြားဖြစ် ဘောလုံးအလုံး(၅၀)၊ နိုင်ငံခြားဖြစ် ပိုက်ကျော်ခြင်းအလုံး(၅၀)၊ ပိုက်ကျော်ခြင်းပိုက်(၅၀)၊

နိုင်ငံခြားဖြစ် ဘောလီဘော အလုံး(၅၀)နဲ့ ဘောလီဘောပိုက်(၅၀)တို့ကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ကူညီပံ့ပိုးပြီး ဖြစ်ပါတယ်။ ဒီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက် အကုန်လုံး ကျွန်တော်ထောက်ခံပါတယ်။ ဒီ မြေညှိတဲ့ကိစ္စအကုန်လုံး ကျွန်တော်လုပ်မှာပါ။ ဒီလိုလုပ်လို့ ရအောင် ကျွန်တော် လာမယ့်နှစ် ၂၀၁၈-၂၀၁၉ မှာ၊ အခု ကျွန်တော်တို့က အားကစားဌာနအတွက်ကို (၂၂)ဘီလီယံရပါတယ်။ ၂၀၁၈-၂၀၁၉ မှာ၊ ပိုက်ဆံကိုတော့ ကျွန်တော်တို့ နည်းနည်းပိုတင်မှာပါ။ ဒီလို ပိုတင်မှသာလျှင် တစ်ပြည်လုံးမှာရှိတဲ့ ကျေးရွာများမှာရှိတဲ့ အားကစားကွင်းတွေကို မြေညှိခြင်း၊ ဘောလုံးကစားဖို့ ဂိုးတိုင်ပေးခြင်း၊ ဘောလုံးပေးခြင်း အကုန်လုံးကို ကျွန်တော်လုပ်ပေးလို့ရမှာ ဖြစ်ပါ တယ်။ ဒါတော့ ကျွန်တော့်အနေနဲ့ အထူး Seriously ပေါ့လေ၊ သေချာလုပ်ပြီးတော့ ကျွန်တော်လုပ် မှာပါ။ ဒါမှသာလျှင် တစ်မျိုးသားလုံးအနေနဲ့ ကျန်းမာရေး National Fitness ကိုရမှာပါ။ ဒါမှမဟုတ် လို့ရှိရင် ကျွန်တော်တို့နိုင်ငံ ပြောသာပြောပြီးတော့ National Fitness မရဘူးဖြစ်ပါတယ်။

အဲဒီတော့ ကျေးရွာပိုင် ဘောလုံးကွင်းများ ဖော်ထုတ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဒေသ အာဏာပိုင်များနဲ့ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက တင်ပြလျှောက်ထားလာပါက ဒီ ကျေးရွာပိုင် ဘောလုံးကွင်းအဖြစ် အသုံးပြုခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းနဲ့ ညွှန်ကြားချက်များနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်။ ရပြီဆိုလျှင် ကျွန်တော်ခုနပြောတဲ့ ဘောလုံးတို့၊ ဘောလုံးပိုက်တို့ ဒါတွေအကုန်လုံး လုံးဝဆောင်ရွက်ပေးမယ်ဖြစ်ကြောင်း ပြောကြားရင်း ကျွန်တော် ဒီမေးခွန်း(၄)ခုကို ဖြေကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းရှိ Toll Gate နှစ်ခုဖြစ်သော Max(မြန်မာ)ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ မြို့ဝင်ကြေး၊ လမ်းကြေး၊ တံတားဖြတ်သန်းခများ တစ်ပြိုင်တည်း ကောက်ခံ နေခြင်းအပေါ် ခရီးသွားပြည်သူများ အခကြေးငွေ သက်သာစေရန် မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင် က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းရှိ Toll Gate နှစ်ခုဖြစ်သော Max (မြန်မာ)ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ မြို့ဝင်ကြေး၊ လမ်းကြေး၊ တံတားဖြတ်သန်းခများ တစ်ပြိုင် တည်းကောက်ခံနေခြင်းအပေါ် ခရီးသွားပြည်သူများ အခကြေးငွေ သက်သာစေရန် မည်သို့ ဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းရှိ Toll Gate နှစ်ခုဖြစ်သော Max(မြန်မာ)ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ မြို့ဝင်ကြေး၊ လမ်းကြေး၊ တံတားဖြတ်သန်းခများ တစ်ပြိုင်တည်း ကောက်ခံနေခြင်းအပေါ် ခရီးသွားပြည်သူများ အခကြေးငွေသက်သာစေရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရည်ရွယ်ချက်ကတော့ ပဲခူးမြို့မှာရှိတဲ့ Max မြန်မာနဲ့ ရွှေသံလွင်ကုမ္ပဏီတို့ရဲ့ Toll Gate နှစ်ခုမှ မြို့ဝင်ကြေး၊ လမ်းကြေး၊ တံတားဖြတ်သန်းခ တစ်ပြိုင်တည်း ကောက်ခံနေခြင်းအပေါ် ခရီးသွားပြည်သူများ ပေးဆောင်နေရသည့် အခကြေးငွေများ သက်သာစေရန် ရည်ရွယ်ပါတယ်။ ပဲခူးမြို့နယ်တစ်ခုအတွင်းတွင် Toll Gate နှစ်ခုရှိပါတယ်။ ထို Toll Gate နှစ်ခုမှာ (၁၅)မိုင်ခန့်သာ ဝေးကွာပါတယ်။ Max မြန်မာရဲ့ Toll Gate သည် ပဲခူးတက္ကသိုလ်အနီး ပဲခူးမြို့ရဲ့ တောင်ဘက်တွင် ရှိပါတယ်။ ကျန်တစ်ခုမှာ ရွှေသံလွင်ကုမ္ပဏီပိုင် Toll Gate ဖြစ်ပြီး ပဲခူးမြို့၏ မြောက်ဘက် ဝမ်းဘဲအင်းကျေးရွာနှင့် ရွာသစ်ကျေးရွာအကြားတွင် တည်ရှိပါသည်။ ရွှေသံလွင်ပိုင် Toll Gate သည် ဒိုက်ဦးမြို့နယ်အစ တာဆုံကျေးရွာနှင့် (၃)မိုင်ခန့် အကွာအဝေး၌ တည်ရှိပါသည်။ ပျဉ်ပုံရွာ၊ ရွာသစ်ရွာ၊ သုံးအိမ်စုရွာ၊ တာဆုံကျေးရွာနှင့် ခလောက်တန်းကျေးရွာများသည် ပဲခူးမြို့နယ်အတွင်း၌ တည်ရှိပါသည်။ ထိုကျေးရွာများမှ ခရီးသည်ကားများ၊ ကိုယ်ပိုင်ယာဉ်များသည် ယခင်အစိုးရလက်ထက်မှစ၍ ယနေ့အချိန်အထိ ထိုရွှေသံလွင်ဂိတ်မှ ငွေကောက်ခံခြင်းနဲ့ပတ်သက်၍ ပြဿနာများ ခဏခဏ တက်နေရပါသည်။ ထိုကျေးရွာများမှ ပြည်သူများ၊ ရပ်ဝေးမှ မိတ်သဟာများအနေဖြင့် ရန်ကုန်မှ ပျဉ်ပုံကြီးသို့လည်းကောင်း၊ ပျဉ်ပုံကြီးမှ ရန်ကုန်သို့လည်းကောင်း၊ ကျန်းမာရေး၊ စီးပွားရေး၊ ရုံး၊ ကျောင်းကိစ္စရပ်များ သွားလာရာတွင် အသွား အပြန် ယာဉ် အကြီး အငယ်အလိုက် ဖြတ်သန်းခအဖြစ် ပဲခူးမြို့နယ် တစ်မြို့နယ်တွင်းမှာ (၂)ကြိမ်၊ ရန်ကုန်ကြီးမှ ပျဉ်ပုံကြီးသို့ ဆိုလျှင် Max(မြန်မာ) Toll Gate မှာ (၁)ကြိမ် ဖြတ်သန်းခအဖြစ် ပဲခူးမြို့နယ် တစ်မြို့နယ်အတွင်းမှာ (၂)ကြိမ်၊ ရန်ကုန်ဘက်မှ ပျဉ်ပုံကြီးသို့ဆိုလျှင် Max(မြန်မာ) Toll Gate မှာ (၁)ကြိမ်၊ ရွှေသံလွင် Toll Gate မှာ (၁)ကြိမ်၊ ပျဉ်ပုံမှ ရန်ကုန်သို့ဆိုလျှင် ရွှေသံလွင်ဂိတ်မှာ (၁)ကြိမ်၊ Max(မြန်မာ) Toll Gate မှာ(၁)ကြိမ်၊ (၂)ကြိမ် ပေးဆောင်နေကြရပါတယ်။

ရန်ကုန်မှ ပျဉ်ပုံသို့ အပြန်တွင် လှည်းကူးဂိတ်၌ ပဲခူးမြို့ဝင်ကြေး ပေးဆောင်ထားသော်လည်း ပဲခူးမြို့နယ်အဆုံး ပျဉ်ပုံ-တာဆုံအထိ သွား၍မရပါ။ ထို ရွှေသံလွင်ဂိတ်မှ ထပ်မံကောက်ခံနေသည်မှာ နှစ်ပေါင်းများစွာ ကြာနေပါပြီ။ ကျေးရွာ(၅)ရွာ၊ ပျဉ်ပုံရွာ၊ ရွာသစ်ရွာ၊ သုံးအိမ်စုရွာ၊ တာဆုံရွာ၊ ခလောက်တန်းရွာများမှ ရွှေသံလွင်ကုမ္ပဏီသို့ လမ်းဖြတ်သန်းခအဖြစ် ပေးဆောင်ရာတွင် လမ်းအသုံးပြုခ၊ ကောလိယ၊ ရဲနွယ်တံတားဖြတ်သန်းခ၊ ဒိုက်ဦးမြို့နယ်ဝင်ကြေးဟူ၍ ပေးဆောင်နေရပါသည်။ တကယ့်လက်တွေ့တွင်

ကောလိယ၊ ရဲနွယ်တံတားကို မဖြတ်ပါ။ ဒိုက်ဦးမြို့နယ်သို့လည်း မရောက်ပါ။ အသားလွတ် ငွေကြေး ပေးဆောင်နေရသည်မှာ တရားမျှတမှု မရှိပါ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုရန် လေးစားစွာ ပန်ကြား အပ်ပါသည်။ ဒါကတော့ ကျွန်တော်တို့ ရွှေသံလွင်ကုမ္ပဏီရဲ့ Toll Gate ဖြစ်ပါတယ်။ ဒါကတော့ ရွှေသံလွင်ကုမ္ပဏီ ဘယ်အပိုင်းကနေပြီးတော့ ဘယ်အပိုင်းအထိပေါ့၊ ပဲခူးကနေပြီးတော့ ညောင်လေး ပင်ပိုင်းအထိကို ကောက်ခံတဲ့အကြောင်း ရေးထားတဲ့အပိုင်း ဖြစ်ပါတယ်။ ဒါတော့ ကျွန်တော်တို့ လမ်းဖြတ်သန်းခရယ်၊ တံတားပေါ့နော်၊ တံတားဆိုတာ ကောလိယတံတားနဲ့ ရဲနွယ်တံတား ဖြတ်သန်းခ ပေါ့။ တစ်ခါတည်းကောက်တဲ့ ဖြတ်ပိုင်းလေးပါ။ ဒါကတော့ ကျွန်တော်တို့ ယာဉ်တွေကို ဒီ ပျဉ်ပုံကြီး ကျေးရွာ၊ တာဆုံကျေးရွာ၊ ခလောက်တန်းကျေးရွာ၊ သုံးအိမ်စုကျေးရွာတွေမှ ယာဉ်ပိုင်ရှင်တွေကနေ ပြီးတော့ ကျွန်တော့်ဆီကိုပေါ့နော်၊ ယာဉ်လမ်းကြေး ပေးဆောင်ရတာတွေနဲ့ ပတ်သက်လို့ မကျေနပ်လို့ တင်ပြထားတဲ့လက်မှတ်တွေ ဖြစ်ပါတယ်။ အဲဒါလည်း အတူတူပါပဲ။ ကျေးဇူးတင်ပါတယ်။


ထိုကျေးရွာ ဖွံ့ဖြိုးရေးအတွက် လာရောက်ကူညီသော ရပ်ဝေးနေ ဒေသခံများ၊ ရွာခံများနှင့် Toll Gate မှ တာဝန်ရှိသူများအား လမ်းဖြတ်သန်းခ ကောက်ခံခြင်းအပေါ် ပြဿနာ ခဏခဏ တက်သဖြင့် ရဲခေါ်ဖြေရှင်းရသည်အထိ ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်း၌ လမ်းအသုံးပြုခ ကောက်ခံသည့် Toll Gate နှစ်ခု ရှိသဖြင့် လမ်းအသုံးပြုခ (၂)ကြိမ် ပေးဆောင်နေရခြင်း၊ အထူးသဖြင့် ပျဉ်ပုံကြီးကျေးရွာ၊ ရွာသစ်ကြီး ကျေးရွာ၊ သုံးအိမ်စုရွာ၊ တာဆုံရွာ၊ ခလောက်တန်းရွာတို့သည် ပဲခူးမြို့နယ်အတွင်း၌ တည်ရှိသော်လည်း မြို့ဝင်ကြေး၊ လမ်းကြေး(၂)ကြိမ် ပေးဆောင်နေရသဖြင့် ၎င်းကျေးရွာနေ ပြည်သူများ များစွာနစ်နာ လျက်ရှိပါသည်။ အထက်ပါကိစ္စရပ်များနှင့် ပတ်သက်၍ ယခင်အစိုးရလက်ထက်၌ ပြောဆို ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ပါ။ ယခု ပြည်သူ့အစိုးရလက်ထက်တွင် ပြည်သူနှင့်အတူ ဆိုသည့် ဆောင်ပုဒ် နှင့်အညီ ပြည်သူများ၏ဆန္ဒဖြစ်သော ပဲခူးမြို့နယ်အတွင်းရှိ Max(မြန်မာ)ကုမ္ပဏီနှင့် ရွှေသံလွင် ကုမ္ပဏီတို့မှ မြို့ဝင်ကြေး၊ လမ်းကြေး၊ တံတားဖြတ်သန်းခ တစ်ပြိုင်တည်း ကောက်ခံနေခြင်းအပေါ် ခရီးသွားပြည်သူများ ပေးဆောင်နေရသည့် အခကြေးငွေများ သက်သာစေရန် မည်သို့ ဆောင်ရွက်ပေး မည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ရွှေသံလွင် တိုးဂိတ်မြင်ကွင်းပုံ (၁၁)




ရွှေသံလွင် တိုးဂိတ်မြင်ကွင်းပုံ (၁၁-၁)



လမ်းအသုံးပြုခဖြတ်ပိုင်း ၏ မြင်ကွင်းပုံ (ခခ-၂)



SHWE THAN LWIN HIGHWAY CO., LTD
BAGO - NYAUNGLAYBIN ROAD
LANE :2
RECEIPT # : 06038
Date # : 05-Mar-2017
Time # : 07:17:58 PM
Class : 7
Thank you

SHWE THAN LWIN HIGHWAY CO., LTD
NYAUNGLAYBIN - BAGO ROAD
LANE :3
RECEIPT # : 06638
Date # : 06-Mar-2017
Time # : 01:34:21 PM
Class : 7
Thank you

SHWE THAN LWIN HIGHWAY CO., LTD
BAGO - NYAUNGLAYBIN ROAD
LANE :2
RECEIPT # : 06284
Date # : 06-Mar-2017
Time # : 06:13:30 AM
Class : 7
Thank you

SHWE THAN LWIN HIGHWAY CO., LTD
NYAUNGLAYBIN - BAGO ROAD
LANE :3
RECEIPT # : 07962
Date # : 07-Mar-2017
Time # : 05:51:03 PM
Class : 7
Thank you

**အချိန်၊ ၁၀:၄၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၃။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် မှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အတွင်းရှိ Toll Gate နှစ်ခုဖြစ်သော Max(မြန်မာ)ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ မြို့ဝင်ကြေး၊ လမ်းကြေး၊ တံတားဖြတ်သန်းခများ တစ်ပြိုင်တည်း ကောက်ခံနေခြင်းအပေါ် ခရီးသွားပြည်သူများ အခကြေးငွေ သက်သာစေရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-တောင်ငူ-မန္တလေးလမ်း ပဲခူးတိုင်းဒေသကြီးအပိုင်းမှာ Max Highway ကုမ္ပဏီသည် မိုင်တိုင်(၃၂/၆)မှ (၅၀/၀)အထိ (၁၇)မိုင် (၂)ဖာလုံကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီသည် မိုင်တိုင်(၅၀/၀)မှ (၉၈/၀)အထိ (၄၈)မိုင်ကိုလည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ Max Highway ကုမ္ပဏီသည် Toll Gate နေရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း မိုင်တိုင်အမှတ်(၄၃/၇)မှာ တည်ရှိပြီးတော့ လမ်းအသုံးပြုခအား ရန်ကုန်တိုင်းဒေသကြီးအပိုင်းဖြစ်တဲ့ မိုင်တိုင်(၁/၀)မှ (၁၄/၆) (၃၁/၀)မှ (၃၂/၆)အထိ (၁၅)မိုင် (၄)ဖာလုံနဲ့ ပဲခူးတိုင်းဒေသကြီးအပိုင်းဖြစ်တဲ့ မိုင်တိုင်(၃၀/၆)မှ (၅၀/၀)အထိ (၁၇)မိုင် (၂)ဖာလုံ၊ စုစုပေါင်း (၃၂)မိုင် (၆)ဖာလုံ တစ်ကြောင်းတည်းအတွက် ကျသင့်ငွေကို ယာဉ်အမျိုးအစားအလိုက် စနစ်တကျ ကောက်ခံလျက်ရှိရာမှာ၊ လမ်းအသုံးပြုခကောက်ခံမှုစနစ်မှာ ပဲခူးတက္ကသိုလ်ဂိတ်တွင် လမ်းအသုံးပြုခ ပေးဆောင်ပြီးပါက လှည်းကူးဂိတ်တွင် ပြေစာပြ၍ လမ်းအသုံးပြုခ ပေးဆောင်ရန် မလိုအပ်တော့ဘဲ လှည်းကူးဂိတ်၌ လမ်းအသုံးပြုခ ပေးဆောင်ပြီးပါကလည်း ပဲခူးတက္ကသိုလ်ဂိတ်တွင် ပြေစာပြ၍ လမ်းအသုံးပြုခ ပေးဆောင်ရန် မလိုအပ်တော့ပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေသံလွင်ကုမ္ပဏီ၏ Toll Gate ဟာ မိုင်တိုင်အမှတ်(၆၇/၁) ပျဉ်ပုံရွာမှာ တည်ရှိပြီးတော့ ပဲခူး-ညောင်လေးပင်လမ်းပိုင်း မိုင်(၅၀/၀)မှ (၉၈/၀)အထိ တာဝန်ယူဆောင်ရွက်သဖြင့် စုစုပေါင်း (၄၈)မိုင်အတွက် အသုံးပြုခနှင့် အဆိုပါလမ်းပိုင်းတွင် ပါဝင်သော ပေ(၁၈၀)အထက် တံတားနှစ်စင်းဖြစ်တဲ့ ရဲနွယ်တံတားနဲ့ ကောလိယတံတားတို့ရဲ့ တံတားဖြတ်သန်းခများကိုပါ ပူးပေါင်းကောက်ခံလျက် ရှိပါတယ်။ လမ်းအသုံးပြုမှု ကောက်ခံတဲ့ပုံစံ တွက်ချက်ရတဲ့နေရာမှာ (၁)မိုင် ခရီးသွားလျှင် (၁)မိုင် တစ်မြို့ပြီး တစ်မြို့ ကောက်ခံခြင်းမျိုးမဟုတ်ဘဲ စုစုပေါင်း (၄၈)မိုင်အပေါ်မှာ တွက်ချက် ကောက်ခံနေတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လမ်းအသုံးပြုနေတဲ့ ပြည်သူများအနေဖြင့် Toll Gate ကို မဖြတ်သန်းပါက လမ်းအသုံးပြုခ ပေးဆောင်ခြင်းမရှိဘဲ Toll Gate ကို ဖြတ်သန်းသွားတဲ့အခါကျတော့ အနီးအဝေး ဘယ်နေရာပဲသွားသွား (၄၈)မိုင်စာ ပေးချေနေရတာ ဖြစ်ပါတယ်။ ထို့အတူ ရွှေသံလွင်ကုမ္ပဏီမှ လမ်းအသုံးပြုခများ ကောက်ခံတဲ့နေရာမှာ အဆိုပါ လမ်းပိုင်းပေါ်မှာ တစ်ဆက်တစ်စပ်တည်းရှိနေတဲ့ ပေ(၁၈၀)အထက် တံတားကြီးများဖြစ်တဲ့ ကောလိယတံတားနဲ့ ရဲနွယ်တံတားတို့ရဲ့ ဖြတ်သန်းခများကို ပူးပေါင်းကောက်ခံနေရခြင်းမှာလည်း စီမံကိန်းဝင် တံတားကြီးတစ်စင်းစီအတွက် တစ်ဂိတ်စီ ဖွင့်ကောက်ခံမယ်ဆိုလျှင် ကုန်စည်ပို့ဆောင်ရာမှာ အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်လာနိုင်သောကြောင့် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် အဆိုပါ တံတားတွေအပေါ် Toll Gate သီးခြားဖွင့်လှစ် မကောက်ခံဘဲနဲ့ လမ်းအသုံးပြုမှု ကောက်လာတဲ့ဂိတ်မှာ တစ်ပေါင်းတည်း ကောက်ခံနေရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ရန်ကုန်မှ ပျဉ်ပုံကြီးသို့လည်းကောင်း၊ ပျဉ်ပုံကြီးမှ ရန်ကုန်သို့လည်းကောင်း သွားလာရာမှာ ပဲခူးတစ်မြို့နယ်တည်းမှာ လမ်းအသုံးပြုခ ကောက်ခံနေခြင်းကို နှစ်ကြိမ် ပေးနေရခြင်းမဟုတ်ဘဲနဲ့ အသုံးပြုခဲ့တဲ့လမ်း မိုင်တိုင်များ အပါအဝင် အကွာအဝေးပေါ် မူတည်ပြီးတော့ ပေးချေနေရပါတယ်။ ရန်ကုန်မြို့မှ ပျဉ်ပုံကြီးသို့

အပြန်တွင် လှည်းကူးဂိတ်၌ ပဲခူးမြို့ဝင်ကြေး ကောက်ခံခြင်းနဲ့ ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဌာန ပိုင်လမ်းများမှာရှိတဲ့ Toll Gate များမှာ မြို့ဝင်ကြေး ပူးပေါင်းကောက်ခံရန် ယခင်က ခွင့်ပြုခဲ့သော်လည်း ယခုအခါမှာ Toll Gate များ၌ မြို့ဝင်ကြေး ပူးပေါင်းကောက်ခံခြင်းကို ခွင့်မပြုတော့ဘဲနဲ့ သီးခြားနေရာမှာ ကောက်ခံရန် ညွှန်ကြားချက် ထုတ်ပြန်ထားပြီးဖြစ်၍ မြို့ဝင်ကြေးကို ပူးပေါင်းကောက်ခံခြင်း မရှိတော့ပါ။ မြို့ဝင်ကြေး ကောက်ခံခြင်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ခြင်း မရှိတော့ဘဲနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်ဖြင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံခြင်း ဖြစ်ပါတယ်။ Max Highway ကုမ္ပဏီသည် ပဲခူးမြို့ဝင်ကြေးကို ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ စည်ပင်သာယာရေးအဖွဲ့မှ လေလံယူ၍ ကောက်ခံခဲ့တဲ့နေရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက Toll Gate မှာ မြို့ဝင်ကြေး ပူးပေါင်းကောက်ခံခြင်းမပြုရန် ညွှန်ကြားခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ၁-၆-၂၀၁၇ ရက်နေ့အထိ ကောက်ခံခဲ့ပြီး ယခုအချိန်မှာတော့ မြို့ဝင်ကြေး ကောက်ခံခြင်း မရှိတော့ပါဘူး။ ရွှေသံလွင်ကုမ္ပဏီသည် ဒိုက်ဦးမြို့ဝင်ကြေးအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ စည်ပင်သာယာရေးအဖွဲ့မှ လေလံရယူ၍ Toll Gate တွင် ပူးပေါင်းကောက်ခံခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လေလံရယူထားခြင်း မရှိတော့သည့်အပြင် မြို့ဝင်ကြေးလည်း ပူးပေါင်းကောက်ခံခြင်း မရှိတော့ပါဘူး။

လက်ရှိအချိန်မှာ ဒိုက်ဦးမြို့ဝင်ကြေး ကောက်ခံနေတဲ့နေရာသည် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်အမှတ်(၈၆/၆)နဲ့ (၈၆/၇)အကြား ဒိုက်ဦးမြို့ဝင် ဆိုင်းဘုတ်အနီးမှာ တည်ရှိပြီးတော့ စည်ပင်သာယာရေးအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ လေလံအောင်မြင်ထားတဲ့ လုပ်ငန်းရှင်က ၎င်းတို့၏ အစီအစဉ်ဖြင့် ကောက်ခံနေခြင်းသာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ကိစ္စလေးပါခင်ဗျား။ အဓိက ကတော့ ရွှေသံလွင်ကုမ္ပဏီရဲ့ ပျဉ်ပုံကြီး Toll Gate ရှိပါတယ်။ အဲဒီ Toll Gate နဲ့ ရဲနွယ်တံတား၊ ကောလိယတံတား ကြားထဲမှာ ရွာ(၄)ရွာ ရှိပါတယ်။ အဲဒီရွာတွေက ပဲခူးမြို့ကို လာတဲ့အချိန်မှာ သူတို့ဟာ ဒီ ရဲနွယ်တံတားနဲ့ ကောလိယတံတားများကို ဖြတ်သန်းခြင်း မပြုဘဲနဲ့ ဖြတ်သန်းခ ပေးဆောင်နေရတဲ့ကိစ္စဟာ မှန်ပါတယ်။ ကျွန်တော်တို့ စစ်ဆေးကြည့်တဲ့အခါမှာလည်း တကယ်တော့ ရွာသူ၊ ရွာသားတွေအနေနဲ့ မသွားဘဲနဲ့ ပေးဆောင်နေရသလို ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ စီစဉ်ပေးဖို့ အစီအစဉ်ကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ အဲဒီရွာ (၄)ရွာက မော်တော်ယာဉ်တွေကို သေချာစိစစ်ပြီးတော့ အခမဲ့ ဖြတ်သန်းခွင့်၊ ဒီ တံတားနှစ်စင်း ဖြတ်သန်းခကို ကင်းလွတ်ပေးဆောင်ခွင့်ရအောင် ကျွန်တော်တို့ စီစဉ်သွားပါမယ်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော်ရဲ့ ပဉ္စမပုံမှန်အစည်းအဝေး ယနေ့ (၃၂)ရက်မြောက်နေ့ အစည်းအဝေးမှာ ၂၀၁၂ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ လယ်ယာမြေဥပဒေနဲ့ ပတ်သက်ပြီး အားနည်းချက်များကို ပြန်လည် သုံးသပ်ပြီး ခေတ်ကာလနဲ့လျော်ညီစွာ ကျင့်သုံးနိုင်ရေးအတွက် လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို အတည်ပြုနိုင်ရန် တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ လယ်ယာမြေဥပဒေမှာပါဝင်နေတဲ့ လက်ရှိအခြေအနေနဲ့ ကိုက်ညီမှုမရှိတဲ့ စကားရပ်များကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး၊ လယ်ယာမြေနဲ့ ပတ်သက်တဲ့ စည်းကမ်း ချက်များ တိကျစွာ ပြဋ္ဌာန်းနိုင်ရေး၊ သီးနှံပြောင်းလဲစိုက်ပျိုးခွင့်နဲ့ ပတ်သက်တဲ့ အချက်အလက်များ အပေါ်မှာ တိတိကျကျ လိုက်နာနိုင်ရေး၊ သတ်မှတ်စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း အတွက် အရေးယူဆောင်ရွက်ခြင်းတို့နဲ့ လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်နေကြတဲ့ တောင်သူ လယ်သမားများ ပိုမိုအကျိုးဖြစ်ထွန်းလာမှုရှိစေရေးကို ရည်ရွယ်ပြီးတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရခြင်းပဲ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ် ရုံးကို ၁၅-၆-၂၀၁၆ ရက်နေ့၊ ၁၂-၁၂-၂၀၁၆ ရက်နေ့နဲ့ ၁၅-၂-၂၀၁၇ ရက်နေ့တို့မှာ မိမိရဲ့ ဝန်ကြီးဌာန ဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ (၃)ကြိမ်တိုင်တိုင် ပေးပို့ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာ ၁၃-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁(၁)၈-၁(၂၁၄)တို့အရ ပြန်ကြားခဲ့ တာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၃-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁၀၁(၁)၁/၈/သမ္မတရုံး အရလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ လုံခြုံရေး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုး ရေးကော်မတီရဲ့ ၂၃-၅-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ပထရ/ကော်မတီ-၂၆၂/ဦး(၁)အရလည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီးရဲ့ ၂၅-၅-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၅၁၁ (၁၆၄)/၁၂/သမ္မတရုံးအရ လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၈-၆-၂၀၁၇ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၇)အရလည်းကောင်း အတည်ပြုချက်များ ရရှိပြီး ပြည်ထောင်စု

အစိုးရအဖွဲ့ရုံးရဲ့ ၈-၆-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁၇/၃၀၅(၅-ပထစ/အဖရ)၂၀၁၇ နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းနှင့် စပ်လျဉ်းပြီး ၂၁-၆-၂၀၁၇ ရက်နေ့နဲ့ ၃-၇-၂၀၁၇ ရက်နေ့များမှာ (၂)ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်က လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ) အရ လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်းအစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တောင်တွင်းကြီးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော် ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇- ၃၅၁
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

၁။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးဖို့ရာအတွက် ၁၄-၆-၂၀၁၇ ရက်နေ့မှာ ပေးပို့လာပါသည်။ ဒီဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သံလွင်နိုင်ငံသားစွမ်းရည် မြှင့်တင်ရေးအဖွဲ့၊ Land Core Group လို့ခေါ်တဲ့ မြေယာမဏ္ဍိုင်

အဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂၁-၆-၂၀၁၇ ရက်နေ့နှင့် ၃-၇-၂၀၁၇ ရက်နေ့များမှာ တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ် -

(က) အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၂ တွင် ပါရှိသည့် မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန် အတွက် မြေနုကျွန်းမြေ ဆိုသည်မှာ ရေအောက်သို့ နစ်မြုပ်လေ့ရှိပြီး ရေကြောင်း အနေအထားအရ တည်နေရာ၊ အကျယ်အဝန်း၊ မြေသားနှင့် ပုံသဏ္ဌာန် ပြောင်းလဲ တတ်သည့် ခိုင်မြဲမှုမရှိသောမြေကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ကိုင်းကျွန်းမြေ ဆိုသည်မှာ ရေအောက်သို့ နစ်မြုပ်လေ့ရှိပြီး ရေကြောင်းအနေအထား အရ တည်နေရာ၊ အကျယ်အဝန်း၊ မြေသားနှင့်ပုံသဏ္ဌာန် မပြောင်းလဲသည့် ခိုင်မြဲမှု ရှိသောမြေကိုဆိုသည် ဆိုသည့်စကားရပ်ကို ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ) အဖြစ် အသစ် ဖြည့်စွက်၍လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၃) ကို ပုဒ်မ ၃၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ်(၃) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ ယင်းတွင် ဖော်ပြထားသော စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ ဆိုသည့်စကားရပ် အစား မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ ဆိုသည့်စကားရပ်ဖြင့်လည်း ကောင်း၊ မူလဥပဒေ ပုဒ်မ ၃ ၊ ပုဒ်မခွဲ(ည) ကို ပုဒ်မခွဲ(ဋ) အဖြစ် ပြောင်းလဲ အမှတ် စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား တောင်သူလယ်သမား အဖွဲ့အစည်း ဆိုသည်မှာ တောင်သူလယ်သမား အကျိုးစီးပွားနှင့် အခွင့်အရေးများ အတွက် ကိုယ်စားပြုဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့် အညီ ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ခ) မူလဥပဒေ ပုဒ်မ ၇ ၊ ပုဒ်မခွဲ (က) ၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသော စကားရပ် များအစား အကြောင်းထူးမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တွင် အခြေချနေထိုင်သူ ဖြစ်ရမည်။ မြေတည်ရာဒေသတွင် အခြေချနေထိုင်သည့် မြေမဲ့၊ ယာမဲ့များကို ဦးစားပေးရမည် ဆိုသည့် စကားရပ်ကို အပိုဒ် ၃၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)အဖြစ်လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (က) ကို သီးနှံစိုက်ပျိုးခွင့် အဓိပ္ပာယ်ရှင်းလင်းမှုရှိစေရန်အတွက် လယ်ယာမြေကို လက်ရှိ ထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို သီးလှည့်စနစ်ဖြင့် ပြောင်းလဲ

စိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(င) ကို စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်အတွက် လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရ အသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ကျေးလက်သမဝါယမအသင်း၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး အပိုဒ် ၄ အဖြစ်လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၁၃ တွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမဆို ဤဥပဒေအရ လယ်ယာမြေ လုပ်ပိုင်ခွင့်မရှိဘဲ လယ်ယာမြေကို ကျူးကျော်လုပ်ကိုင်ခြင်းမပြုရ ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး အပိုဒ် ၈ အဖြစ်လည်းကောင်း၊ မူလဥပဒေ ၁၄ တွင် ဖော်ပြထားသော ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းဆိုသည့် စကားရပ်အစား ပြည့်စုံမှု ရှိစေရန်အတွက် ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး အပိုဒ် ၉ အဖြစ်လည်းကောင်း အသီးသီး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေ ပုဒ်မ ၁၆ ၊ ပုဒ်မခွဲ(က) ၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၃၀ ၊ ပုဒ်မခွဲ(က) တို့ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဆိုသည့် စကားရပ်များအစား ပိုမိုပြည့်စုံမှုရှိစေရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး အပိုဒ် ၁၁၊ အပိုဒ် ၁၂ နှင့် အပိုဒ် ၁၆ တို့အဖြစ်လည်းကောင်း၊ သီးနှံစိုက်ပျိုးခွင့်နှင့် ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားခြင်းတို့အတွက် အဓိပ္ပာယ်ရှင်းလင်းမှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းထားသည့် အပိုဒ် ၁၁ ကို အပိုဒ် ၁၇ ဟု ပြင်ဆင်ပြီး ယင်းတွင်ပါရှိသော ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည် -

၂၈။ မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ မည်သည့်လယ်ယာမြေတွင်မဆို -

(က) တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးသည့် သီးနှံဇုန်ဧရိယာအတွင်း ပတ်ဝန်းကျင်သီးနှံစိုက်ပျိုးမှုကို ထိခိုက်ခြင်းမရှိစေဘဲ ရာသီသီးနှံချင်းဖြစ်စေ၊ အခြားသီးနှံမှ ရာသီသီးနှံဖြစ်စေ ၊ အခြားသီးနှံချင်းဖြစ်စေ သီးနှံ ပြောင်းလဲစိုက်ပျိုးနိုင်သည်။

(ခ) ရေမြေရာသီဥတု အခြေအနေအရ ရာသီသီးနှံစိုက်ပျိုး၍ အကျိုးမဖြစ်ထွန်းသည့်အတွက် အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထား

လာပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သီးနှံပြောင်းလဲစိုက်ပျိုးခွင့်ပြုနိုင်သည်။

(ဃ) အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၁၂ တွင်ပါရှိသည့် မူလဥပဒေပုဒ်မ ၃၁ တို့တွင် ဖော်ပြထားသော ယင်းလယ်ယာမြေအား အခြားနည်း အသုံးပြုရန် ခွင့်ပြုချက်ကို ပယ်ဖျက်ရမည် ဆိုသည့်စကားရပ်အစား ပိုမိုထိရောက်စေရန်အတွက် ယင်းလယ်ယာမြေအား ပြန်လည်သိမ်းယူရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး အပိုဒ် ၁၉ အဖြစ်လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၄၀ တွင် ဖော်ပြထားသော စကားရပ်များအစား ဥပဒေပြဋ္ဌာန်းချက်များ ပိုမိုထိရောက် မှန်ကန်မှုရှိစေရန်အတွက် ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သည့်ကိစ္စတစ်ရပ်ရပ်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ရှိ အဖွဲ့ဝင်များကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ဤဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းမပြုသည့်ကိစ္စရပ်များ၊ မသမာသောရည်ရွယ်ချက်ဖြင့် မမှန်မကန်ဆောင်ရွက်ခြင်းပြုသည့်ကိစ္စရပ်များနှင့် မသက်ဆိုင်စေရ ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး အပိုဒ် ၂၃ အဖြစ်လည်းကောင်း ဖော်ပြပြီး အဆိုပြုပြဋ္ဌာန်းထားသည့် အပိုဒ် ၁၆ တွင် ပါရှိသည့် ပုဒ်မ ၄၁ တွင် ဖော်ပြထားသည့် စကားရပ်များကို မူလဥပဒေအတိုင်း ထားရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ကော်မတီများ၊ အဖွဲ့အစည်းများနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေး ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ

လက်မှတ်ရေးထိုးပြီး ၂၆ - ၇ -၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို (၁၅) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့ အမျိုးသား လွှတ်တော်အစည်းအဝေး အစီအစဉ်ပါရှိတဲ့ အစီအစဉ်(၆)အစား အစီအစဉ်(၇၊ ၈၊ ၉)တို့ကို အစီအစဉ် (၆ ၊၇၊ ၈)အဖြစ် ဆောင်ရွက်ခြင်းနဲ့ ပတ်သက်လို့ အနည်းငယ် ရှင်းလင်းတင်ပြပါမယ်။

ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းမယ့် ဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဒီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ညှိနှိုင်း ဆောင်ရွက်တဲ့အခါမှာ သူတို့က နောက်ကျနိုင်တယ်၊ အစည်းအဝေးမှာ ဆိုလို့ အကြောင်းပြန်တဲ့အတွက် ကျွန်တော်တို့ အစည်းအဝေးအစီအစဉ်မှာ နောက်ကိုထားပြီးတော့ ကျွန်တော်တို့ အစီအစဉ် ဆွဲခဲ့ပါတယ်။ ဒါပေမဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက သူ့ကိစ္စပြီးလို့ အစောကြီး ရောက်ရှိလာပါတယ်။ အစောကြီးရောက်ရှိလာတော့ ကျွန်တော်တို့ အစီအစဉ် မူလအစီအစဉ်(၆)က ကျွန်တော်တို့ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း ဆွေးနွေးမှာဖြစ်ပြီးတော့ ကိုယ်စားလှယ် (၁၄)ဦး ဆွေးနွေးမှာဖြစ်တဲ့အတွက်ကြောင့် အချိန်အကြာကြီးယူရမှာ ဖြစ်ပါတယ်။ ခုန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းတဲ့ ဥပဒေကြမ်းကလည်း အချိန်အနည်းငယ်လေးပဲ

ယူရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အကြာကြီး၊ ဝန်ကြီးအနေနဲ့ စောင့်ရမှာစိုးတဲ့အတွက် အစီအစဉ် ပြောင်းလဲလိုက်ခြင်းဖြစ်တဲ့အကြောင်း ကျွန်တော် လွှတ်တော်ကို တင်ပြပါတယ်။

## ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁:၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၁၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဒီဥပဒေကြမ်းနှင့် ပတ်သက်လို့ ဆွေးနွေးခြင်း မပြုမီ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များကို ဥက္ကဋ္ဌအနေနဲ့ ကြိုတင်ပြီးတော့ အသိပေး တင်ပြလိုပါတယ်။ ဘာလို့လဲဆိုတော့ ဒီဥပဒေကြမ်းက အများပြည်သူ စိတ်ဝင်စားတဲ့ ဥပဒေ ဖြစ်ပါတယ်။ ဒီ ဥပဒေကြမ်းကို ကျွန်တော် သတင်းစာထဲမှာ ကြေညာလိုက်ကတည်းက ဥက္ကဋ္ဌဆီ စာတွေ အမျိုးမျိုးလာပါတယ်။ အဖွဲ့အစည်းအမျိုးမျိုးကလည်း တွေ့ပါတယ်။ အဲဒီ့အပြင် သံတမန်တွေ လာရောက်တွေ့ဆုံတဲ့အခါမှာလည်း ဒီဟာကို စိတ်ဝင်တစား မေးမြန်းခဲ့ကြပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းဟာ အများပြည်သူ စိတ်ဝင်စားပြီးတော့ အရေးကြီးတဲ့ ဥပဒေကြမ်းတစ်ခု ဖြစ်ပါတယ်။ အဲဒါကြောင့် ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ဥပဒေပြုတဲ့ လူတွေဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်း ဆွေးနွေးတဲ့အခါ ဥပဒေကိုပဲ မူတည်ပြီးတော့ ဘယ်လိုဖြစ်သင့်တယ်၊ ဘယ်လိုဖြစ်သင့်တယ်၊ ဘယ်ဟာ ပယ်သင့်တယ်၊ ဘယ်ဟာ အစားထိုးသင့်တယ်၊ ဥပဒေကိုပဲ အဓိကထားပြီးတော့ ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးကိုသော်လည်းကောင်း၊ အများကိုသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုကိုသော်လည်းကောင်း၊ အဖွဲ့အစည်းအများကိုသော်လည်းကောင်း ထိခိုက်စေမယ့် အပြောအဆို၊ အသုံးအနှုန်းများ ရှောင်ရှားပြီးတော့ ဥပဒေကိုပဲ အဓိကထား ဆွေးနွေးပေးဖို့ ကြိုတင် အသိပေးအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၂၈။**

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက တင်သွင်းခဲ့တဲ့ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးတဲ့ကိစ္စမှာ ကျွန်တော့် အနေနဲ့ ပြင်ဆင်ချက်အဆိုမပါဘဲနဲ့ မူသဘောအားဖြင့်သာလျှင် ဆွေးနွေးမှာဖြစ်ကြောင်း ကနဦး ကျွန်တော် အစီရင်ခံထားလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်သည် ဥပဒေကြမ်းကော်မတီရဲ့ ဥက္ကဋ္ဌတစ်ယောက်ဖြစ်တဲ့အတွက် ဒီနေ့ဆွေးနွေးသွားမယ့် အခြား၊ အခြားသော ကိုယ်စားလှယ်များနဲ့

နောက်ပိုင်းမှာလည်း ကျွန်တော် ပြန်လည်တွေ့ဆုံကြရဦးမှာဖြစ်တဲ့အတွက် ကျွန်တော် မူသဘောအရ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းပေါင်းများစွာ၊ အကြံပြုချက်ပေါင်းများစွာ မီဒီယာမှာ ဖော်ပြနေတာတွေ့ရပါတယ်။ ဒီဥပဒေပုဒ်မ ၆၆(ဃ)နဲ့ ပတ်သက်လို့ ဥပဒေလောကနဲ့ မီဒီယာလောကမှာ အမြင်နှစ်မျိုး ရှိနေပါတယ်။ ပထမအမြင်ကတော့ ဒီပုဒ်မကို လုံးဝပယ်ဖျက်ပေးရမယ် ဆိုတဲ့အမြင်ဖြစ်ပြီးတော့ ဒုတိယအမြင်ကတော့ ဒီပုဒ်မကို ပယ်ဖျက်ဖို့ မဖြစ်သေးဘူး။ ဆက်ပြီးပြဋ္ဌာန်းဖို့ လိုအပ်တယ်ဆိုတဲ့ အမြင်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒုတိယအမြင်ကို ထောက်ခံသူ ဖြစ်ပါတယ်။ ပုဒ်မ ၆၆(ဃ) ကို မပယ်ဖျက်သင့်ကြောင်း အကြောင်းပြချက်(၂)ရပ်နှင့် ကျွန်တော် ဆွေးနွေးတင်ပြသွားပါမယ်။

ကျွန်တော့် အယူအဆကို တင်ပြတဲ့နေရာမှာ ကျမ်းကိုးအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ရဲ့ ခြေဆင်းကို ကနဦး ကျွန်တော် တင်ပြပါရစေ။ ပုဒ်မ ၃၅၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ (က) မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ချက်၊ ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့် ဖြန့်ဝေခွင့်ရှိသည်။ ဒီလို ပြဋ္ဌာန်းထားပါတယ်။ အခုဖတ်ပြခဲ့တဲ့ ခြေဆင်းမှာပါတဲ့ ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့ မဆန့်ကျင်လျှင် ဆိုတဲ့စာသားကို ကျွန်တော်တို့ အလေးအနက် သုံးသပ်ကြည့်ဖို့ လိုပါတယ်။ ဆိုလိုတာက ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးကို ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့ မဆန့်ကျင်သရွေ့ ပြစ်မှုမမြောက်ဘဲနဲ့ ဆန့်ကျင်လာရင်တော့ ပြစ်မှုမြောက်သွားတယ်လို့ ဒီပုဒ်မက ဆိုပါတယ်။

အဲဒီတော့ ဒီအချက်ကို ကျွန်တော်တို့ ဆွေးနွေးမယ့် ကိုယ်စားလှယ်များရော၊ နားထောင်တဲ့ ကိုယ်စားလှယ်များကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ထားဖို့ လိုပါတယ်။ ဒါဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ကန့်သတ်ချက်နဲ့ ခွင့်ပြုထားတဲ့ အခွင့်အရေး ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများ ဆိုတာကို လေ့လာဆန်းစစ်ဖို့ လိုလာပါတယ်။ အဲဒီလိုဖြစ်တဲ့အခါမှာ လေ့လာကြည့်တဲ့အခါမှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၆၉ နဲ့ ပုဒ်မ ၅၀၀ ကို ဒီဆက်စပ်ပြီးတော့ ကျွန်တော် တွေ့ရှိရပါတယ်။ အဲဒီတော့ ပုဒ်မ ၄၆၉ ကို ဖတ်ကြားတင်ပြပါမယ်။

မည်သူမဆို လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားဖြင့် တစ်ဦးတစ်ယောက်သောသူ၏ ဂုဏ်သရေကို ထိခိုက်နစ်နာစေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့နစ်နာထိခိုက်စေရန် အလို့ငှာ ထိုအထိမ်းအမှတ်စာသားကို အသုံးပြုစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ လိမ်လည်အတုပြုမှုကို ကျူးလွန်လျှင် ထိုသူကို (၃)နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် စသည်ဖြင့် ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားဆိုတာမှာ အခုခေတ် အွန်လိုင်းမှာ မီဒီယာတွေမှာ တင်နေတဲ့ Photoshop နဲ့

လုပ်ထားတဲ့ ကိစ္စမျိုးတွေ၊ လုပ်ကြံဖန်တီးထားတဲ့ ဓာတ်ပုံတွေ၊ တစ်စုံတစ်ယောက်အပေါ်မှာ ကျိုးကြောင်း မခိုင်လုံဘဲနဲ့ သက်သက်မဲ့ စွပ်စွဲပြစ်တင်ထားတဲ့ ကိစ္စတွေကို အကုန်လုံး အကျုံးဝင်ပါတယ်။ အဲဒီတော့ ပုဒ်မ ၅၀၀ ကိုတော့ အားလုံးသိပြီးဖြစ်တဲ့အတွက် ကျွန်တော် အထွေအထူး မတင်ပြတော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆက်သွယ်ရေးပုဒ်မ ဥပဒေ ၆၆(ဃ)မှာတော့ ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကို အသုံးပြုပြီးတော့ တစ်စုံတစ်ယောက်ကို အသရေဖျက်လို့ရှိရင် အပြစ်ရှိတယ်လို့ သတ်မှတ်ထားတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်အထက်က တင်ပြခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ အရ သော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၉ နဲ့ ပုဒ်မ ၅၀၀ အရသော်လည်းကောင်း၊ ဆက်သွယ်ရေး ပုဒ်မ ၆၆(ဃ) အရသော်လည်းကောင်း၊ အခြေခံပြီးတော့ ဒီဥပဒေ(၃)ရပ်၊ ပုဒ်မ ၄ ခု ကို ကောက်ချက်ချကြည့်ရင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီးတော့ A က B ကို ဟုတ်တာတွေ၊ မှန်တာတွေ တင်ပြနေသရွေ့ ပြစ်မှုမမြောက်ဘူး။ သို့သော် A က B ပေါ်မှာ မဟုတ်မမှန်တာတွေ လုပ်ကြံပြီး၊ ဖန်တီးပြီး၊ တင်ပြရေးသားလာပြီဆိုရင်တော့ စောစောက ကျွန်တော် အစီရင်ခံခဲ့တဲ့ ပုဒ်မ ၄ ခုထဲက တစ်ခုခုနဲ့ သူ ငြိစွန်းမှာ သေချာတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့ ဒီပုဒ်မက ဆက်လက်တည်ရှိသင့်တယ်လို့ ကျွန်တော်ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါကတော့ ပုဒ်မ ၆၆(ဃ) ကို မပယ်ဖျက်သင့်ကြောင်း ကျွန်တော့်ရဲ့ အကြောင်းပြချက်(၁) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းပြချက်(၂)ကို ဆက်လက်တင်ပြပါမယ်။ ဥပမာလေးတစ်ခုပေးပြီး ကျွန်တော် တင်ပြပါမယ်။ ဥပမာ-နယ်မြို့လေးတစ်မြို့မှာ A က B ကို ပုဒ်မ ၅၀၀ နဲ့တရားစွဲခဲ့လို့ရှိရင် တရားလို A နဲ့ တရားခံ B တို့ရဲ့ အသိုင်းအဝိုင်းအပြင် တရားရုံးဝန်ထမ်းတွေသာလျှင် ဒီကိစ္စကို သိတယ်။ တစ်မြို့လုံးက ပုဂ္ဂိုလ်တွေ၊ လူတွေ ဒီကိစ္စကို မသိနိုင်ဘူး။ သို့သော် အွန်လိုင်းပေါ်မှာ ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကို အသုံးပြုပြီးတော့ A က B ကို စွပ်စွဲပြောဆိုလိုက်တာနဲ့တစ်ပြိုင်နက်တည်း အချိန်တိုအတွင်းမှာ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ လျင်မြန်စွာ၊ ကျယ်ပြန့်စွာ သက်ရောက်သွားတဲ့ အနေအထားရှိပါတယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုချင်တာက ဒီပုဒ်မ(၂)ခုရဲ့ သက်ရောက်မှု Impact ဟာ လုံးဝမတူပါဘူး။ ကွဲပြားပါတယ်။ အဲဒီလို ကွဲပြားတဲ့ မတူနိုင်တဲ့ကဏ္ဍမှာ တင်လိုက်တဲ့ ရေးသား လိုက်တဲ့ ရေးသားချက်က မှားယွင်းတဲ့၊ တမင်လုပ်ကြံဖန်တီးထားတဲ့ အကြောင်းအရာတွေ ဖြစ်နေမယ် ဆိုလို့ရှိရင် နစ်နာသူဟာ အင်မတန်ကိုမှ အရေးကြီးပါတယ်။ အလွန်နစ်နာသွားတဲ့အနေအထား ရှိပါတယ်။ ဒီလို နစ်နာမှုဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက် အကာအကွယ်အဖြစ် ဒီပုဒ်မက ဆက်လက်လိုအပ်နေတယ်ဆိုတာ ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒါ ဒီအချက်ကတော့ ပုဒ်မ ၆၆(ဃ) ကို ဆက်လက်တည်ရှိသင့်တယ် ဆိုတဲ့အကြောင်းပြချက်(၂) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြောရရင် ၆၆(ဃ)မှာ ပါတဲ့ အငြင်းပွားဖွယ် အသရေဖျက်မှုဆိုတဲ့ကိစ္စကိုတော့ စကားရပ်ကိုတော့ ပြင်ဆင်ဖို့ လိုကောင်းလိုမှာ ဖြစ်တဲ့အပြင် အာမခံကိစ္စကိုတော့ ကျွန်တော်တို့ အာမခံပေးသင့်တဲ့ဘက်က ကျွန်တော် အကြံပြုဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၃၄။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ ကျွန်တော့်အနေနဲ့ အခန်း(၁၉)ခန်း၊ ပုဒ်မပေါင်း(၈၉)ခု ပါရှိပြီး ၈-၁၀-၂၀၁၃ ရက်နေ့က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၁)နဲ့ပြဋ္ဌာန်းခဲ့တဲ့ ဆက်သွယ်ရေးဥပဒေ၊ ဒီဥပဒေနဲ့ ပတ်သက်ပြီး ပြည်သူလူထုနဲ့ သတင်းမီဒီယာသမားများထံက ကျယ်ကျယ်လောင်လောင် ထွက်ပေါ် နေတဲ့ ပုဒ်မ ၆၆(ဃ) ပယ်ဖျက်ပေးရေး ဆိုတာကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဆက်သွယ်ရေးဥပဒေဟာ ယခင်အစိုးရလက်ထက်က တယ်လီကွန်းကုမ္ပဏီများကို လုပ်ငန်း လုပ်ကိုင်ခွင့်ပြုတဲ့နေရာမှာ ကုမ္ပဏီများကို ထိန်းကျောင်းဖို့၊ ကုမ္ပဏီနဲ့ ဆက်သွယ်ရေးသုံးစွဲသူ ပြည်သူ လူထုကြား ဖြစ်ပေါ်လာမယ့် အဆင်မပြေမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ဥပဒေတစ်ရပ် မဖြစ်မနေ လိုအပ်နေတဲ့အခြေအနေမှာ ပေါ်ပေါက်ခဲ့တဲ့ ဥပဒေတစ်ရပ်ဖြစ်တယ်ဆိုတာကို သတိပြုဖို့လိုပါတယ်။ ပုဒ်မ ၄ ဥပဒေပြဋ္ဌာန်းရတဲ့ ရည်ရွယ်ချက်များထဲက ပုဒ်မခွဲ(ဃ)မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်လို့ ပါရှိ ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်သွယ်ရေးဥပဒေတစ်ရပ်လုံးဟာ အဓိက က နည်းပညာနဲ့ သက်ဆိုင်တဲ့ဥပဒေဖြစ်ပြီးတော့ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(က)နဲ့ (ခ)မှာ ဆက်သွယ်ရေးကွန်ရက်ကို ဝင်ရောက်နှောင့်ယှက်တာ၊ ဖျက်ဆီးတာ၊ ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ပြီးတော့ ဗိုင်းရပ်စ် ဝင်ရောက်စေတဲ့ ပြစ်မှုမျိုးကို ကျူးလွန်လျှင် (၃)နှစ် ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်ဖြစ်၊ ငွေဒဏ်ဖြစ်ဖြစ် ဒဏ်နှစ်ရပ်လုံးဖြစ်ဖြစ် ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထား တာက အထူးဥပဒေတစ်ရပ်ရဲ့ လိုအပ်ချက်နဲ့ကိုက်ညီပါတယ်။ ဒါပေမဲ့ ပုဒ်မ ၆၆ ၊ ပုဒ်မခွဲ(ဂ)နဲ့ (ဃ)တို့ ကတော့ ပြစ်မှုဆိုင်ရာဥပဒေ ရာဇသတ်ကြီးမှာ ကျူးလွန်ရင် အပြစ်ပေးဖို့ သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်နေတဲ့ ပြဋ္ဌာန်းချက်များ ဖြစ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ပုဒ်မခွဲ(ဂ)မှာ ပါရှိတဲ့ ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ အကျိုးပျက်စီးစေခြင်း ဆိုတာတွေကို ကျူးလွန်ရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၈၊ ၃၇၉၊ ၄၁၅ မှ ၄၂၀၊ ၄၀၅၊ ၄၀၆၊ ၄၂၅ မှ ၄၂၇ တို့နဲ့ အရေးယူနိုင်တာ ဖြစ်သလို ပုဒ်မခွဲ(ဃ)မှာ ပါရှိတဲ့ ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီး ကန့်ကွက် ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ ခြိမ်းခြောက်ခြင်း ဆိုတာတွေကို ကျူးလွန်လျှင်လည်း ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၃၊ ၃၈၉၊ ၃၅၀၊ ၃၃၉၊ ၃၄၁၊ ၄၉၉၊ ၅၀၀၊ ၂၆၈၊ ၁၈၉၊ ၃၈၈၊ ၅၀၃ တို့အရ အရေးယူအပြစ်ပေးနိုင်တာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။

ပြစ်မှုဆိုင်ရာ ဥပဒေမှာ ကျူးလွန်ရင် အပြစ်ပေးဖို့ ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့ အကြောင်းရပ်တွေကို အထူးဥပဒေ တစ်ရပ်ဖြစ်တဲ့ ဆက်သွယ်ရေးဥပဒေမှာ လာပြီးထည့်သွင်းထားတာ မလိုအပ်တဲ့ ထည့်သွင်းပြဋ္ဌာန်းချက် ဖြစ်ရုံမကဘဲနဲ့ ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းထားတဲ့ ရည်ရွယ်ချက်နဲ့လည်း ဆန့်ကျင်ကွဲလွဲနေပါတယ်။ ဥပဒေနဲ့အညီ အကာအကွယ်ပေးရန် မဟုတ်တော့ဘဲနဲ့ ကျူးလွန်လျှင် အရေးယူအပြစ်ပေးဖို့ ပြစ်မှုဆိုင်ရာဥပဒေ ရှိပြီးဖြစ်တာကို ထပ်ပြီးအရေးယူအပြစ်ပေးနိုင်အောင် ထည့်သွင်းထားတဲ့ ပြဋ္ဌာန်းချက်သက်သက် ဖြစ်နေပါတယ်။

ဒီနေရာမှာ ပုဒ်မ ၆၆(ဃ) ကို ထားရှိလိုသူတွေရဲ့ အကြောင်းပြချက်အချို့ကို ရှင်းလင်းဆွေးနွေးလိုပါတယ်။ အွန်လိုင်းမှာ အမုန်းစကားပြောဆိုမှုတွေ တားဆီးဖို့အတွက် ပုဒ်မ ၆၆(ဃ) မလိုပါဘူး။ ၆၆(ဃ)ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အမုန်းစကားပြောဆိုခြင်း ဆိုတဲ့ အချက်တွေ မပါသလိုပဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့အထိ သိရှိရတဲ့ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) နဲ့ တရားရုံးများကို တရားစွဲတင်တဲ့အမှုပေါင်း(၇၄)မှုမှာ အမုန်းစကားပြောဆိုခြင်းကြောင့် တရားစွဲခံရတဲ့ အမှု(၁)မှုမှ မပါဝင်တာကို ကျွန်တော်တို့ တွေ့နေရပါတယ်။ နိုင်ငံ့ခေါင်းဆောင်များ၊ တပ်မတော်နဲ့ တပ်မတော်ခေါင်းဆောင်များကို ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ခိုက်မှုများ၊ အသရေဖျက်မှုများမှ ကာကွယ်တဲ့ အနေနဲ့ ပြည်သူလူထုနဲ့ သတင်းမီဒီယာသမားတွေကို တရားစွဲဆို အပြစ်ဒဏ်ကျခံစေခြင်းတို့က နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ ဒီမိုကရေစီ အလေ့အကျင့်ကောင်းများနဲ့လည်း လွဲချော်နေပါတယ်။ ပုဒ်မ ၆၆(ဃ)ကို သုံးပြီး အရေးယူအပြစ်ပေးမှုများက အုပ်ချုပ်သူများအား လွတ်လပ်စွာ ဝေဖန်ထောက်ပြ၊ အကြံပြုမှုများကို အဟန့်အတားဖြစ်စေပြီးတော့ အုပ်ချုပ်သူများရဲ့ အဂတိလိုက်စားမှု၊ မတရားမှုနဲ့ အားနည်းချက်တွေအပေါ်မှာ ဝေဖန်ထောက်ပြမှုကို ရပ်တန့်စေနိုင်လို့ တရားဥပဒေစိုးမိုးမှုနဲ့ ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားရေးကို နှောင့်နှေးစေမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပိုဒ် ၄ အစားထိုးတဲ့ ပုဒ်မ ၈၀၊ ပုဒ်မခွဲ(ဂ)နဲ့ (ဃ) တို့ဟာလည်း ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဂ)နဲ့ (ဃ) တို့ကို ပယ်ဖျက်လိုက်တာနဲ့ အစားထိုးပြဋ္ဌာန်းဖို့ မလိုအပ်တော့တာကို တွေ့မှာပါ။ ဒါကြောင့် ပြည်သူလူထုနဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာရဲ့ အသံ၊ လွှတ်တော်ရဲ့ အသံ၊ ပြည်သူနဲ့ မီဒီယာသမားတို့ရဲ့ ဆန္ဒ၊ လွှတ်တော်ရဲ့ ဆန္ဒ၊ ပြည်သူနဲ့ မီဒီယာတို့ရဲ့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်တဲ့အနေနဲ့ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဂ)နဲ့ (ဃ)တို့ကို ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်မင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဗိုလ်မှူးသက်မင်းဦး၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသက်မင်းဦး ဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးမည့် အကြောင်းအရာ ကတော့ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၅ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်သူသည် ထောင်ဒဏ်(၅)နှစ်အထိ ချမှတ်နိုင်သော ဥပဒေဖြစ်ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယားတွင် ထောင်ဒဏ် (၃)နှစ်နှင့်အထက် ပြစ်မှုများအား အာမခံ မပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ်ထားရှိပါသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိစေရန် လိုအပ်ပါတယ်။ အဆိုပါ ဥပဒေပုဒ်မသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လိုင်စင်မဲ့လုပ်ကိုင်သူများအား အရေးယူရန် ထားရှိသည့် ဥပဒေပုဒ်မလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အကျိုးစီးပွားအား ကာကွယ်ရန်အတွက် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၅ ပါ ကျူးလွန်သူများအား အာမခံပေးနိုင်သည် ဆိုသည့်စကားရပ်အား ထည့်သွင်းပြဋ္ဌာန်းရန် မသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ)သည် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ Privacy များကို ချိုးဖောက်မှုအား တားဆီးအရေးယူနိုင်ရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ မိမိနိုင်ငံ အနေဖြင့် e-Government စနစ်သို့ ပြောင်းလဲတည်ဆောက်နေချိန်တွင် အီလက်ထရောနစ် Document၊ Management System များဖြင့် ဝန်ကြီးဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက် လုပ်ကိုင်ရမည် ဖြစ်ရာ အဆိုပါ Network များကို ဝင်ရောက်နှောင့်ယှက် ဖျက်ဆီးသူအား မဖြစ်မနေ အရေးယူဆောင်ရွက်ရမည် ဖြစ်ပါတယ်။ e-Government System များ နှောင့်ယှက်ဖျက်ဆီးခြင်းခံရပါက နိုင်ငံတော်အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှု၊ Command and Control လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာသွားမည်ဖြစ်ပါ၍ အုပ်ချုပ်မှုယန္တရားအား များစွာထိခိုက်နိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်အတွက်လည်း ကြီးမားသောဆုံးရှုံးမှု ဖြစ်စေနိုင်ပါတယ်။ ဥပမာအနေဖြင့် မိမိနိုင်ငံ၏ ပြန်ကြားရေးဝန်ကြီးဌာန Website အား တိုက်ခိုက်ခြင်းခံရသော သာဓကများ ရှိခဲ့ပါတယ်။ နိုင်ငံတကာတွင်လည်း Sony Pictures Entertainment ၏ Network အား ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နှောင့်ယှက်မှု၊ အမေရိကန်အစိုးရအဖွဲ့၏ Network အတွင်းသို့ ဝင်ရောက်၍ နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်သူ ဟီလာရီကလင်တန်၏ E-mail များအား ဝင်ရောက်ဖောက်ယူခြင်းခံရမှု စသော ဆက်သွယ်ရေး ရာဇဝတ်မှုများ ဖြစ်ပွားခဲ့ပါတယ်။

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ခ) သည် ဆက်သွယ်ရေးကွန်ရက်များ ဝင်ရောက်ဖျက်ဆီးခြင်း မခံရစေရန် ကာကွယ်ပေးသည့် ဥပဒေတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးနဲ့သက်ဆိုင်သော

ဘဏ်လုပ်ငန်းဆိုင်ရာ ဆက်သွယ်ရေးကွန်ရက်များနှင့် နိုင်ငံတော်လုံခြုံမှုအဆင့်ရှိသော ဆက်သွယ်ရေးကွန်ရက်များအား ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ ဗိုင်းရပ်စ် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်းခံရပါက မိမိနိုင်ငံအတွက် လုံခြုံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ ကြီးမားသောဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်ပါတယ်။ ဥပမာအနေဖြင့် ၂၀၀၃ ခုနှစ်၊ အမေရိကန်-အီရတ် စစ်ပွဲတွင် ခေတ်မီနည်းပညာ အသုံးပြု၍ အီရတ်တပ်မတော်၏ လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် ဆက်သွယ်ရေးကွန်ရက်များအား ပျက်ပြားစေရန် ဆောင်ရွက်ခဲ့ရာ အချိန်တိုအတွင်း အီရတ်တပ်မတော်မှ စစ်ရှုံးနိမ့်ခဲ့ကြောင်း သာဓကရှိခဲ့ပါတယ်။

ထို့ပြင် ယနေ့ ၂၁ ရာစု Knowledge Age တွင် ကမ္ဘာ့နိုင်ငံကြီးများသည် Command, Control, Communication, Computer, Combat, Intelligence, Surveillance and Reconnaissance,C5, ISR လုပ်ငန်းစဉ်များဖြင့် နိုင်ငံတော်၏ ကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအား တွင်ကျယ်စွာ ဆောင်ရွက်လျက် ရှိကြပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်လုံခြုံမှုအဆင့်ရှိသော ဆက်သွယ်ရေးကွန်ရက်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များအား တိုက်ခိုက်ဖျက်ဆီးခြင်းခံရပါက နိုင်ငံတော်အတွက် များစွာဆုံးရှုံးနစ်နာစေမည် ဖြစ်ပါတယ်။ ထိုကဲ့သို့သော နိုင်ငံတော်ဆုံးရှုံးမှုကြီးမားသည့် ဆက်သွယ်ရေးရာဇဝတ်မှု ကျူးလွန်သူ တစ်စုံတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်အား အာမခံပေးထားခြင်းသည် သင့်လျော်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ)တွင် မူလပြဋ္ဌာန်းချက်တွင် ပါရှိသော အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်းနှင့် မလျော်သြဇာသုံးခြင်း ဆိုသည့် စကားရပ်များကို ပယ်ဖျက်ထားကြောင်း တွေ့ရှိရပါတယ်။ ၎င်းစကားရပ်များသည် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဆောင်ရွက်နိုင်သည့် အကြောင်းကိစ္စများ မဟုတ်ပါသဖြင့် ပယ်ဖျက်ထားမှုမှာ ဆီလျော်မှုရှိကြောင်း တွေ့ရှိရပါတယ်။

သို့ရာတွင် ပုဒ်မ ၆၆(ဃ)၌ ပုဂ္ဂိုလ်တစ်ဦးဦးဟု ပြဋ္ဌာန်းပါရှိပြီး ယင်းစကားရပ်နှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးဥပဒေတွင် တိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် ပြဋ္ဌာန်းခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ပုဂ္ဂိုလ်တစ်ဦးဦးဆိုသည့် စကားရပ်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာ ရည်ညွှန်းသကဲ့သို့ ဖြစ်နေသောကြောင့် အဖွဲ့အစည်း၊ အသင်းအဖွဲ့၊ လူတစ်စု၊ ကုမ္ပဏီ စသည်တို့ပါ အကျုံးဝင်စေရေးအတွက် ပုဂ္ဂိုလ်တစ်ဦးဦးဆိုသည့် စကားရပ်အား တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုသင့်ကြောင်း တင်ပြအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ (က) တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုသည်ဟု ပြဋ္ဌာန်းထားပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၅၊ ၆၆ (က)နှင့် (ခ)တို့အား အာမခံပေးရန် ပြဋ္ဌာန်းခြင်းသည် ဥပဒေပြုရေးမဏ္ဍိုင်အနေနှင့် တရားစီရင်ရေးမဏ္ဍိုင်အပေါ် လွှမ်းမိုးဆောင်ရွက်သကဲ့သို့ဖြစ်နေ၍ ပြန်လည်သုံးသပ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေနှင့် ဆွေးနွေးလိုသည်မှာ အထက်တင်ပြပါအချက်များအား ထောက်ရှု၍ လူ့အခွင့်အရေး ကာကွယ်မှုတစ်ခု

တည်းပေါ်သာ မရှုမြင်သင့်ဘဲ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး အမြင်များဖြင့် သုံးသပ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဦးခင်မောင်လတ် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူများနှင့် မီဒီယာလောကကြားမှာ နာမည်ဆိုးနှင့် ကျော်ကြားမှု၊ ပွက်လောရိုက်မှုနှင့် နစ်နာမှုနှင့် စိုးရိမ်မှုတွေ ရှိလာတာကြောင့် ဒီဆက်သွယ်ရေးဥပဒေကြမ်းဟာ လွှတ်တော်ထဲကို ရောက်ရှိလာတာ ဖြစ်ပါတယ်။ ၆၆(ဃ)နှင့် ပတ်သက်၍ အုပ်ချုပ်ရေးမဏ္ဍိုင်က တရားစွဲ၊ တရားရေးမဏ္ဍိုင်က အာမခံမပေးဘူးဆိုရင် ကျွန်တော်တို့ ဥပဒေပြုရေးမဏ္ဍိုင်က မှန်ကန်မျှတတဲ့ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းရဲ့ အပိုဒ် ၃၊ ပုဒ်မ ၆၆(ဃ) မှာ တရားစွဲဆိုနိုင်တဲ့ အကြောင်းချက် (၄)ခု ပါ ပါတယ်။ ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ဖြစ်ပါတယ်။ ဒီ(၄)ချက်အတွက်လည်း ရာဇသတ်ကြီးပုဒ်မတွေက အသီးသီးရှိနေပြီ ဖြစ်ပါတယ်။ ဤဆက်သွယ်ရေးဥပဒေဟာ နည်းပညာနဲ့ လိုင်စင်စီဆိုင်ရာ ကိစ္စနဲ့သာ သက်ဆိုင်ပြဋ္ဌာန်းထားတဲ့ ဥပဒေ ဖြစ်ပါတယ်။ ပုဒ်မပေါင်း(၈၉)ခု ရှိပါတယ်။ ဒါပေမဲ့ ပုဒ်မ ၆၆ တစ်ခုတည်းသာလျှင် လူမှုရေးကျင့်ဝတ်ဆိုင်ရာ ဖောက်ဖျက်မှု ပုဒ်မအဖြစ် ကြားထဲမှာညှပ်ပြီးတော့ နေရာမှားပြီးပါနေတာ ဖြစ်တဲ့အတွက် ဒီပုဒ်မကို ဆက်သွယ်ရေးဥပဒေထဲက ပယ်ဖျက်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၈၀(ခ) ကို ဆွေးနွေးလိုပါတယ်။ (ခ) အရ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက် မလိုတဲ့အထဲမှာ ပုဒ်မ ၆၆ ပါသွားပါတယ်။ ခွင့်ပြုချက် လိုတဲ့အထဲမှာ ပုဒ်မ ၆၆ ကို ထည့်ပေးရပါမယ်။ ဘာလို့လဲဆိုတော့ ဝန်ကြီးဌာန မလိုအပ်ဘူးဆိုရင် ဒီပုဒ်မဟာ ရဲတပ်ဖွဲ့ရဲ့ လက်ထဲကို တိုက်ရိုက်ကျရောက်သွားပြီးတော့ အစွပ်စွဲ ခံရတဲ့သူဟာ တိုက်ရိုက်အချုပ်ထဲကို ရောက်သွားမှာဖြစ်လို့ ဖြစ်ပါတယ်။ ပုဒ်မ ၈၀(က) မှာ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဆိုတာကိုလည်း ပယ်ဖျက်သွားဖို့လိုပါတယ်။ ဒီပုဒ်မဟာ အွန်လိုင်းပေါ်မှာ အပြန်အလှန် ရေးကြနေပေမဲ့လည်း ဦးစွာတိုင်သူ အနိုင်ရတဲ့ ပုဒ်မမျိုးပါ။ နောင်အခါ အမှန်တရားပေါ်ပေါက်လာသည်ဖြစ်စေ လောလောဆယ်က ခုခံသူက အချုပ်ထဲရောက်သွားပါပြီ။ လက်ထိပ်ခတ်ခံသွားရပါပြီ။ ဆေးကုသခွင့်နှင့် ဆုံးရှုံးသွားပြီဖြစ်တဲ့အတွက် ဝန်ကြီးဌာနက ကြားခံပေးဖို့လိုပါတယ်။ The Voice ဂျာနယ် အစွပ်စွဲခံရတဲ့ကိစ္စမှာ ဗြိတိသျှကိုကိုမောင် ဟာ ဒီဝန်ကြီးဌာနရဲ့ ထောက်ခံမှုကြောင့် ၆၆(ဃ) ကနေ လွတ်သွားရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၈၀(ဃ) ကို ဆွေးနွေးလိုပါတယ်။ အာမခံပေးနိုင်သည့်ဆိုတဲ့ စကားရပ်ကို ပေးရမည်ဟု ပြောင်းရပါမယ်။ ဘာလို့လဲဆိုရင် ဒီပုဒ်မကို အွန်လိုင်းသုံးတဲ့ပြည်သူတွေ၊ မီဒီယာလောကသားတွေသာမက ရဲအရာရှိတွေ၊ ဥပဒေအရာရှိ၊ တရားသူကြီးတွေကအစ အခုချိန်မှာ ကြောက်နေရပါတယ်။ မီဒီယာကိစ္စဆိုလိုက်တာနဲ့ ရဲက ပုဒ်မ ၆၆ ကို တပ်လိုက်ပါပြီ။ ဥပဒေအရာရှိကလည်း မပြင်ရဲပါဘူး၊ တရားသူကြီးကလည်း အာမခံမပေးရဲဘူး ဖြစ်လာပါတယ်။ ကြောက်ရတဲ့ အကြောင်းအရင်းကလည်း ရှိပါတယ်။ လက်ရှိအစိုးရလက်ထက်မှာပဲ ဒီပုဒ်မနဲ့ အမှု(၆၃)ခု ရှိတဲ့ အထဲမှာ အာဏာရှိအသိုင်းအဝိုင်း၊ အစိုးရပိုင်း၊ တပ်ပိုင်းနဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ဆိုင်တာက (၂၁)ခု ရှိပါတယ်။ ဆိုတော့ စုစုပေါင်းအမှုရဲ့ သုံးပုံတစ်ပုံ ရှိပါတယ်။ တရားသူကြီးတွေ ဆင်ခြင်တုံတရားရှိဖို့ဆိုတာက ဒီလို ဆင်ကြီးတွေ အပေါ်ကကျလာလို့ရှိရင် တော်တော် တရားသူကြီးတွေ ဆင်ခြင်တုံတရားရှိဖို့ တော်တော်ခက်ပါတယ်။ ပြီးတော့ ဥပဒေဆိုတာက တည်ဆဲအစိုးရကိုပဲ ဘက်လိုက်တယ်ဆိုတဲ့စကားလည်း ရှိပါတယ်။ ဒီတော့ ပေးနိုင်တယ်ဆိုတဲ့ စကားလုံးရဲ့အကျိုးကို မီဒီယာသမားနဲ့ ပြည်သူတွေ ခံစားရဖို့ အကြောင်းမရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေရဲ့ ဥပဒေပြုလွှတ်တော်က တရားမျှတတဲ့ဥပဒေတွေ ဖြစ်ဖို့လိုအပ်ပါတယ်။ ဒီလိုလုပ်ပေးတဲ့အခါမှာလည်း နိုင်ငံရေး၊ လုံခြုံရေး အခြေအနေတွေအပေါ်မှာ အမှီမပြုဘဲ ဥပဒေရဲ့ပင်ကိုယ်သဘောနဲ့ တရားမျှတစွာ ပြဋ္ဌာန်းပေးဖို့လိုပါတယ်။ အစိုးရကို မျက်နှာမမူဘဲ ပြည်သူ့အရေးနဲ့ ဒီမိုကရေစီအရေးကို မျက်နှာမူဖို့ လိုပါတယ်။ လွှတ်တော်ကြီးထဲကို ရောက်လာတဲ့ အုပ်ချုပ်ရေး၊ လုံခြုံရေးနဲ့ နိုင်ငံရေးနဲ့ဆိုင်တဲ့ ဥပဒေကြမ်းတွေဟာ ပြည်သူတွေ မျှော်မှန်းထားတဲ့ အဆင့်ထက် လျှော့ပေါ့ပြီးတော့ ဥပဒေအချော ဖြစ်သွားခဲ့တာတွေ ကျွန်တော်တို့လွှတ်တော်မှာ ရှိတဲ့အတွက် ဒီတစ်ကြိမ်မှာတော့ ပြင်မပေးဘူး၊ ပယ်ဖျက်မပေးဘူးဆိုရင် မဏ္ဍိုင်(၃)ရပ်က စတုတ္ထမဏ္ဍိုင်ကို အနိုင်ကျင့်သလိုဖြစ်သွားနိုင်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ဒီနေ့ ကျွန်တော် ဆွေးနွေးမှာက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်ပြတဲ့ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ မူရင်းဥပဒေ အခန်း(၁၈)က ပြစ်မှုနဲ့ ပြစ်ဒဏ်များ ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက

တော့ မူရင်းဥပဒေ အခန်း(၈)က ၆၆(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်ဩဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ဆိုတာမှာ ပုဒ်မ ၆၆ (ဃ)ပါ ကျူးလွန်မှု(၆)မျိုးမှ အသရေဖျက်ခြင်းကိုသာ သီးခြားခွဲထုတ်ပြင်ဆင်ရန်အတွက် အကြံပြုလိုခြင်း ဖြစ်ပါတယ်။ အသရေဖျက်ခြင်းဆိုတာ အဖွဲ့အစည်းတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်က ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ အထင်သေးစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာထိခိုက်စေရန်ဖြစ်စေ၊ သံသယနဲ့ အမုန်းတရားပွားများစေရန်ဖြစ်စေ၊ အထင်အမြင်လွဲမှားစေရန်ဖြစ်စေ တမင်ရည်ရွယ်ကာ မဟုတ်တန်းတရား ပြုလုပ်စွပ်စွဲပြောဆိုရေးသားတာလို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။

အသရေဖျက်ခြင်းကြောင့် ထိခိုက်နစ်နာဆုံးရှုံးခြင်းဟာ အထက်ပါ ပုဒ်မ(က)(ခ)(ဂ)နဲ့ (ဃ)တို့ပါ အခြားသော အကြောင်းအရာများကဲ့သို့ အနည်းအများကို ကန့်သတ်ဖော်ပြဖို့ ခက်ပါတယ်။ သက်ဆိုင်ရာ နစ်နာသူကိုယ်တိုင်ရဲ့ ခံယူချက်သဘောထားနဲ့သာ အဓိကသက်ဆိုင်ပါတယ်။ နစ်နာသူက သဘောထားကြီးမယ်၊ အကဲမဆတ်မယ်၊ ဆင်ခြင်တုံတရားကြီးမားမယ်ဆိုရင် ဒါဟာ ကာလ ဒေသ ပယောဂကြောင့် ဖြစ်တာလို့ သဘောသဘာဝကို နားလည်လက်ခံရင် အပြစ်မယူတာကို အပြစ်ယူသင့်၊ မယူသင့် ဆိုတာကို သူ ဆုံးဖြတ်နိုင်ပါတယ်။ ဥပမာ နိုင်ငံတကာမှာဆိုရင် သရော်စာ (Satire) အနေနဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ ကျော်ကြားတဲ့သူတွေနဲ့ အဖွဲ့အစည်းများစွာ လှောင်ပြောင်ခံနေရတာ အများသိဖြစ်ပါတယ်။ ဒါဟာ ဓလေ့စရိုက်တစ်ခုလို ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ ဒီနေ့ မြန်မာ့ဝန်းကျင်မှာတော့ ဒီအလေ့အကျင့် နည်းပါးနေတဲ့အတွက် ဆတ်ဆတ်ထိမခံရန်တုံ့ပြန်တဲ့ အကျင့်ဆိုးကြီးတစ်ခုလို ဖြစ်နေပါတယ်။ ဒီမိုကရေစီ လမ်းကြောင်းပေါ် သွားမယ်ဆိုရင်တော့ ဒီမိုကရေစီ စံနှုန်းမရသေးခင် အခြေအနေအမှန်ကို အမှန်အတိုင်းမြင်တတ်ခြင်း၊ (Sense of Reality) နဲ့အတူ နားလည်သည်းခံ ခွင့်လွှတ်သင့်ကြပါကြောင်းကို ဒီမှာအရေးကြုံတိုင်း တင်ပြလိုပါတယ်။

ဒါကြောင့် ဆက်သွယ်ရေးပုဒ်မ ၆၆(ဃ)ကို မူလဥပဒေမှ အသရေဖျက်ခြင်း ဆိုတဲ့ စကားရပ်အား ပယ်ဖျက်ပြီးတော့ ဒီစကားရပ်အစား အောက်ပါအတိုင်း ကျွန်တော်ထပ်မံ ဖြည့်စွက်လိုပါတယ်။ ၆၆-ဃ မည်သူမဆို ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်ရမည်ဟု သီးသန့်ဥပဒေအဖြစ် ထည့်သွင်းလိုပါတယ်။

ဒီလိုပြင်ဆင်ခြင်းအားဖြင့် ဥပဒေကြမ်းမှာတင်ပြတဲ့ ပုဒ်မ ၆၆(ဃ)ကို အစားထိုးတဲ့ ဥပဒေထက် ပိုမိုပြည့်စုံပြီးတော့ ရှင်းလင်းပြတ်သားမှုလည်း ရှိလာမယ်။ တစ်ဖန် ဥပဒေကြမ်းမှာ ချန်လှပ်ထားတဲ့ မူလဥပဒေပါ မလျော်ဩဇာသုံးခြင်းဆိုတဲ့ စကားရပ်လည်း ပါဝင်သင့်၊ ပါဝင်ထိုက်တာရှိနေမှာဖြစ်ပါတယ်။ အထက်ပါအတိုင်း ပြင်ဆင်ထားခြင်းအားဖြင့် နစ်နာသူကိုယ်တိုင်က ဝါယမ စိုက်ထုတ်၍ တရားစွဲဆိုရပါမယ်။ ဒါမှသာလျှင် ကိုယ်စားလှယ်နဲ့ဖြစ်စေ၊ တစ်စုံတစ်ယောက်ကဖြစ်စေ စွပ်စွဲခံရသူဘက်လိုက်ပြီး တစ်ဖက်မှ နစ်နာစေလိုကြောင်း တရားစွဲဆိုမှု ကင်းဝေးပြီးတော့ မလိုလားအပ်တဲ့ ပြဿနာတွေ တားဆီးကာကွယ်ပြီးသား ဖြစ်နေပါလိမ့်မယ်။

နောက်ထပ်ပြင်ဆင်လိုတဲ့ ဥပဒေ ကတော့ ပုဒ်မ ၈၀(က) ဖြစ်ပါတယ်။ ပုဒ်မ ၈၀(က) ဤဥပဒေပါပြစ်မှုများကို ပုဒ်မ ၆၆-က မှအပ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည် လို့ အစားထိုး ပြင်ဆင်လိုပါတယ်။

ဒါမှသာ ဥပဒေမှာ ၆၆(ဃ) ပြင်ထားတာနဲ့ ရှေ့နောက်သွားပြီးတော့ ညီပါလိမ့်မယ်။ ထို့ပြင် ပုဒ်မ ၈၀(ခ)ကိုလည်း ကျွန်တော်မဖျက်ဘဲ မူရင်းအတိုင်း ထားရှိလိုပါတယ်။ အကြောင်းကတော့ ဝန်ကြီးဌာနရဲ့ စီမံကွပ်ကဲထားမှုရှိတဲ့အတွက် နည်းပညာအထောက်အကူ ရယူနိုင်မယ်။ ပါဝင်ပူးပေါင်းပြီးတော့ မှန်ကန်တဲ့အဖြေကို လျင်မြန်စွာ ရှာဖွေနိုင်ပါလိမ့်မယ်။ ဒီလိုဖော်ပြပါ ပြင်ဆင်ချက်တွေနဲ့ ပါလျှင် ဥပဒေကြမ်းမှာတင်ပြတဲ့ ပုဒ်မ ၈၀ (က)(ခ)(ဂ)နဲ့(ဃ) တို့ဟာ ပယ်ဖျက်သင့်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ပုဒ်မ ၆၆(ဃ) ကို ကျွန်တော် ပြင်ဆင်ရတဲ့အကြောင်းအရင်းကတော့ အသရေဖျက်ခြင်း ကျူးလွန်တာတူပါလျက်နဲ့ ရာဇသတ်ကြီးပုဒ်မ ၅၀၀ မှာ (၂) နှစ်အထိ ထောင်ဒဏ်၊ ငွေဒဏ်၊ ဒဏ်နှစ်ရပ်စလုံး ဒီလောက်ပဲချထားပါတယ်။

တစ်ဖန် အီလက်ထရောနစ် ဥပဒေပုဒ်မ ၃၄(ဃ) မှာ ဒဏ်ငွေ ကျပ် သိန်း ၅၀ မှ သိန်း ၁၀၀ အထိပဲဖြစ်ပါတယ်။ ဒါပေမဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေ (The Code of Craminal Procedure) အရလည်း ရဲအရေးမပိုင်ပါဘူး။ ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိပါဘူး။ တရားသူကြီးရဲ့ ဆင့်ခေါ်စာ၊ သမ္မာန်စာ လိုအပ်ပါတယ်။ အာမခံပေးနိုင်တဲ့စတဲ့ တိုင်တန်းခံရတဲ့သူအတွက် ကာကွယ်ပေးထားပါတယ်။ သို့သော် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) မူရင်းပုဒ်မမှာ (၃)နှစ်ထက်မပိုသော ထောင်ဒဏ်၊ ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံး ဆိုတဲ့အတွက် ရဲအရေးပိုင်ဖြစ်တယ် အာမခံလည်း မရတဲ့အတွက် ပြစ်မှု၊ ပြစ်ဒဏ် ချမှတ်မှု ကွာခြားပြင်းထန်တယ်လို့ သုံးသပ်မိပါတယ်။ တိုင်တန်းခံရသူဘက်မှ နစ်နာမှုတွေ များနေပါတယ်။ ဒါကြောင့် ပြင်ဆင်သင့်ကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။

အနှစ်ချုပ်သုံးသပ်ရမယ်ဆိုရင် ဒီဥပဒေဟာ အထူးဥပဒေအဖြစ်နဲ့ IT နည်းပညာ တိုးတက်လာမှုအရ လိုအပ်လို့ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ ယခုလို ဒီမိုကရေစီစနစ် တည်ဆောက်တဲ့ ကျင့်သုံးဆဲကာလဟာ ပြည်သူများအတွက် ဆက်သွယ်ရေးစနစ် အရေးကြီးသလို ပြည်သူများဘက်မှလည်း ဒီမိုကရေစီ ရေချိန်မြှင့်ကာ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးရှေးရှုကာ နိုင်ငံရေးခံစားချက် အရေထူဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် ဒီဥပဒေဟာ လုံးဝဖျက်သိမ်းရန် မသင့်သေးပါကြောင်းနဲ့ အခုလိုပြင်ဆင် ဖြည့်စွက်ခြင်းသည်သာ ရှဉ့်လည်းလျှောက်သာစေ၊ ပျားလည်းစွဲသာစေ အခြေအနေဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ကြွရောက်လာကြပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ယခု ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်ဆွေးနွေးရာမှာ ပုဒ်မ ၆၆(ဃ) တစ်မျိုးတည်းကိုသာ ဦးတည်ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၉၁၊ ပုဒ်မခွဲ(ဃ) အရ ကျွန်တော့်ဆွေးနွေးချက်မှ အကြောင်းပြချက်များကို ရှင်းလင်းစေရန်အတွက် ဥပဒေကြမ်းပါ အချက်အလက်များနဲ့ အခြားတင်ပြချက်များကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဥပဒေကြမ်း အပိုဒ်(၃) ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ)မှာ အဓိက ကျွန်တော် အရောင်ခြယ်ပြထားတဲ့ ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကို အသုံးပြု၍ဆိုတဲ့ အချက်သည် အဓိက အချက် ဖြစ်ပါတယ်။ ဒီအချက်ကိုပဲ ကျွန်တော် အလေးအနက်ထား ရှင်းလင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒါဟာ ကျန်တဲ့ဥပဒေနဲ့ ကွာခြားချက်က ဆက်သွယ်ရေးကွန်ရက်တစ်ခုခု အသုံးပြုခြင်းပဲ ဖြစ်ပါတယ်။ မည်သည့်ဥပဒေထဲမှာမှ မပါတဲ့အချက် ဖြစ်ပါတယ်။

အဲဒီတော့ ဆက်သွယ်ရေးကွန်ရက် ဆိုသည်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ရှိပေမယ့် လက်တွေ့အားဖြင့်ဆိုရင်တော့ Facebook တွေ၊ Twitter တွေ၊ Internet Website တွေ စသည်ဖြင့်ပေါ့နော်၊ အဲဒါတွေကနေပြီးတော့ တောရွာမြို့ပါ တစ်ပြည်လုံးအနှံ့သာမကဘဲနဲ့ တစ်ကမ္ဘာလုံးအနှံ့ကို အချိန် မဆိုင်းဘဲနဲ့ တစ်ပြိုင်တည်း ပျံ့နှံ့ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ဒါ ဆက်သွယ်ရေးကွန်ရက်ရဲ့ အားကောင်းချက်လို့ ပြောရင် ရပါတယ်။ တစ်ခါ နောက်တစ်မျိုးပြောမယ်ဆိုရင်တော့ Continues Media တစ်ဆက်တစ်စပ်တည်းရှိတဲ့ မီဒီယာဖြစ်တဲ့အတွက် နည်းပညာမြင့်မားတဲ့ ယန္တရားစနစ် ဖြစ်ပါတယ်။ တစ်ဖက်သားကို နှောင့်ယှက်ဖို့အတွက် ကြီးမားကျယ်ပြန့် ထိရောက်တဲ့ လက်နက်ကြီးတစ်ခု ဖြစ်နေပါတယ်။ သေနတ်တစ်လက်ဟာ ခလုတ်တစ်ချက်နှိပ်ရင် ကျည်တစ်ချက်ပဲ ထွက်ပြီးတော့ ထိချင်မှလည်းထိမှာပါ။ စက်သေနတ်တစ်လက်ကတော့ ခလုတ်တစ်ချက်နှိပ်ရင် ကျည်ဆံပေါင်းများစွာ ထွက်ပြီးတော့ ထိချက်များမှာ ဖြစ်ပါတယ်။ ဒီထက်ပိုပြောရမယ်ဆိုရင်တော့ လေထဲမှာ ပျံ့လွင့်နိုင်တဲ့ အဆိပ်ငွေ့ဆိုရင်တော့ သေကျေပျက်စီးမှု များပြားမှာ ဖြစ်ပါတယ်။ ဒါတောင်မှ အဆိပ်ငွေ့များ ကုန်သွားလို့ အဆိပ်ငွေ့ပြယ်သွားရင် သေကြေပျက်စီးမှု ရပ်တန့်သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ယခု ကျွန်တော်တို့ အဓိက ဒီနေရာမှာ ပြဿနာတက်နေတဲ့ ယခု ကျွန်တော်တို့ရဲ့ ဆက်သွယ်ရေးကွန်ရက် ကတော့ ခလုတ် နှိပ်စရာမလိုဘူး။ လက်ညှိုးလေးနဲ့ တစ်ချက်တို့လိုက်ရုံမျှနဲ့ အဆင့်ဆင့်ပွားပြီးတော့ တစ်မုဟုတ်ချင်းမှာပဲ နေရာအနှံ့မှာ အကန့်အသတ်မရှိ ပြန့်ပွားသွားနိုင်တာမို့လို့ ခံရသူအဖို့မှာတော့ မှန်မှန် မမှန်မှန် အကာအကွယ်မရှိ ရှောင်မရ၊ ရှားမရနဲ့ ငုတ်တုတ်ခံကြရတယ်ဆိုတာကို လူ့အခွင့်အရေးကို အလေးအနက်ထားကြသူတွေနဲ့ သတိပြုကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ) သည် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပြဋ္ဌာန်းချက်ပါ ပြစ်မှုကျူးလွန်မှုများကို မျက်နှာ

ကြီးငယ်မရွေး၊ ရာထူးကြီးငယ်မရွေး အကာအကွယ်မဲ့ ခံရသူတွေဘက် ကာကွယ်ပေးထားရုံမျှမကဘဲနဲ့ လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်ကို မျက်နှာဖုံးတပ်ပြီးတော့ အခြားသော ပြည်သူများရဲ့ဘဝများ တာဝန်ခံမှု၊ တာဝန်ယူမှုများနဲ့ တာဝန်အသီးသီး ထမ်းဆောင်၊ ဆောင်ရွက်နေမှုများကို နှောင့်ယှက် ဖျက်ဆီးနေမှုများကို ထိရောက်စွာ တားမြစ်နိုင်သော ဥပဒေဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

အဲဒီတော့ ကျွန်တော်သည် အထောက်အထားတစ်ရပ်အဖြစ် နိုင်ငံသားနဲ့ နိုင်ငံရေး အခွင့်အရေး အစီရင်ခံစာထဲမှာပါရှိတဲ့ ဇယားအချို့ကို တင်ပြပါမယ်။ Next မှာ လူတိုင်းသိကြတဲ့ အင်မတန်နာမည်ကြီးတဲ့အချက် ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကို သူရဲ့ ဒီလိုမျိုးစွပ်စွဲချက် ဖြစ်တဲ့အတွက် ပုဒ်မ ၆၆(ဃ)အရ၊ နောက် Next ဖြစ်ပါတယ်။ အဲဒီလို ၆၆(ဃ)နဲ့ စွဲထားတဲ့အခါမှာ အဲဒီ ခုနက ပုဂ္ဂိုလ်သည် သူ့ကို သူက သူများကို စွဲထားတာတွေကို ကမန်းကတန်းပဲ ပြန်လည်ရုပ်သိမ်းလိုက်ရတာကို လူတိုင်း ကြားဖူးနားဝသိရှိပြီးဖြစ်ပါမယ်။ ဒါ ၆၆(ဃ)ကို နဂိုတုန်းက ပေါ့ပေါ့ဆဆ သုံးစွဲခဲ့သော်လည်း ကိုယ်တိုင်ထိမှ အထိနာသွားတဲ့ အနေအထားတစ်ရပ်ကို လူတိုင်းသိပြီးသား ဖြစ်ပါတယ်။ ဒါကို ကျွန်တော် သူရဲ့စနစ်ဇယားနဲ့ ပြခြင်းဖြစ်ပါတယ်။

ဒီအချက်ကတော့ ကျွန်တော် ပုဂ္ဂိုလ်ရေး လူမသိကြတာဖြစ်တဲ့အတွက် သူ့ဇယားထဲမှာ နာမည်ပါသော်လည်းပဲ အဲဒီနေရာမှာ နစ်နာသော အမျိုးသမီးတစ်ယောက်ရဲ့ အခွင့်အရေးကို ဆက်သွယ်ရေးအင်တာနက်ကို သုံးစွဲတဲ့အတွက် ၆၆(ဃ)နဲ့ ရင်ဆိုင်နိုင်စွမ်းရှိသွားတာကို ဖော်ပြခြင်းဖြစ် ပါတယ်။ ဒါ ၆၆(ဃ)သည် မိန်းကလေး၊ မိန်းမပျိုများရဲ့ အရှက်နဲ့ အသက်ကို ကာကွယ်နိုင်တဲ့ ဥပဒေ တစ်ရပ်ဖြစ်ကြောင်း ပြောပြချင်ပါတယ်။ Next က ကျွန်တော် ဒီနေရာမှာဆိုရင်လည်း အဲဒီအတိုင်းပါပဲ။ မိန်းကလေးရဲ့ အရှက်ကိစ္စပဲ ဖြစ်ပါတယ်။ ဒါလည်းပဲ ၆၆(ဃ)နဲ့ ကာကွယ်ပြီးတော့ တားဆီးခြင်း ဖြစ်ပါတယ်။ Next ကတော့ အရပ်သား သာမန်ပြည်သူကို သတင်းစာတစ်ခုရဲ့ သတင်းထောက် သူ့ရဲ့ အဲဒီသတင်းစာကိုယ်တိုင်က မူရင်းဒီဇယားမှာတော့ နာမည်များ ထည့်ထားပါတယ်။ ဒီနာမည်လေးကို ဖော်မပြချင်တဲ့အတွက် ထားခဲ့ပါတယ်။ အဲ ကိုယ်တိုင်က ၆၆(ဃ)နဲ့ သူက ပြန်လည်အမှုဖွင့် တိုင်ကြားထား သုံးစွဲထားတာကို တွေ့ရပါတယ်။ ဟုတ်ပါပြီ။ အခုအချက်များအရ ပြောမယ်ဆိုရင်တော့ ကျွန်တော် လေးစားအပ်သော ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောနိုင်တဲ့အချက်က။ ကျွန်တော်တို့သည် နိဂုံးချုပ်အနေနဲ့ ပြောရရင် ဆက်သွယ်ရေးပုဒ်မ ၆၆(ဃ)ကို ဖျက်သိမ်းဖို့ စဉ်းစားမယ်ဆိုရင် ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကို အသုံးပြု၍ ကျူးလွန်မှုများ မထိန်းချုပ်နိုင်အောင် များပြားလာမှာ ဖြစ်ပြီးတော့ လူ့အခွင့်အရေးလို့ အော်အော်နေတဲ့သူများဟာ မိမိရဲ့ ဥပဒေမဲ့ ကျူးလွန်သူများကို အားပေးရာ ရောက်ပြီးတော့ လမ်းပြောင်းပြန်မောင်းတဲ့ ရှေ့ကကားကို ဖိုက်ဖို့ လမ်းပြောင်းပြန် မောင်းတဲ့သူများ အဖြစ်သာ ဖြစ်မှာဖြစ်တဲ့အတွက် ဆက်သွယ်ရေးဥပဒေကို မဖျက်သိမ်းဘဲနဲ့ အခုတိုင်းပဲ ပြင်ဆင်ရမှာ ဖြစ်တဲ့အကြောင်း ကျွန်တော်က ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂:၀၂။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောသလိုပြောရမယ်ဆိုရင် တရားဥပဒေဆိုတာ ပြည်သူ လူထုရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တဲ့ တရားမျှတတဲ့ပြဋ္ဌာန်းချက်လို့ ပြောခဲ့သလိုမျိုး ကျွန်တော်တို့လည်း ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ ဥပဒေများကိုသာ အတည်ပြုပြဋ္ဌာန်းနိုင်ကြပါစေလို့ ဆုတောင်းရင်းဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။

အဲဒီတော့ ယခင် ၆၆(ဃ) ပြဋ္ဌာန်းချက်နဲ့ ယခုပြင်ဆင်ထားတဲ့ ၆၆(ဃ) ပြဋ္ဌာန်းချက်တို့ဟာ တရားမျှတမှု ကင်းမဲ့နေပါတယ်။ ပိုဆိုးတာကတော့ အများပြည်သူရဲ့အကျိုးစီးပွားကို ကျွန်တော်တို့ စောစောက ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့သလိုပဲ ကာကွယ်စောင့်ရှောက်တာရဲ့ ဆန့်ကျင်ဘက် မကာကွယ်မစောင့်ရှောက်နိုင်တဲ့အပြင် အများအကျိုးကို သတိပေးဆောင်ရွက်လိုသူများကိုပါ အပြစ် ပေးထောင်ချနိုင်တဲ့ ဒီ ၆၆(ဃ) ဟာဖြင့် လုံးဝပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ၆၆(ဃ) ကို ဘာကြောင့်ပြင်ရသလဲလို့ ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီးတော့ နစ်နာတဲ့လူတွေရှိလို့ ပြင်ရပါတယ်လို့ ဆက်သွယ်ရေးဒုတိယဝန်ကြီးရဲ့ ပြောစကား အရဆိုရင် ဒီ ၆၆(ဃ) ဟာ တရားမျှတမှုမရှိဘူး ဆိုတာ ဝန်ကြီးရဲ့ဝန်ခံချက်စကားအရ ထင်ရှားနေပြီ ဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်ကရော တရားမျှတသွားပြီလားဆိုရင် စွပ်စွဲခံရသူကို အာမခံပေးရမယ် ဆိုတဲ့အချက်ပဲ ထူးခြားပါတယ်။ ကျန်တာကတော့ ဘာမှမကွာပါဘူး။ ဒါဆိုရင် အာမခံပေးလိုက်ရုံနဲ့ ဥပဒေတစ်ရပ်ဟာ တရားမျှတသွားမှာ မဟုတ်ပါဘူး။ တရားမျှတမှုနဲ့ အာမခံပေးမှုဟာ တခြားစီ ဖြစ်တယ်။ တရားမျှတတဲ့ပြဋ္ဌာန်းချက်မဟုတ်ရင် အပြစ်မရှိဘဲနဲ့ ထောင်တန်းကျသွားနိုင်တယ် ဆိုတာကို ကျွန်တော် သတိပေးလိုပါတယ်။ အသိပေးလိုပါတယ်။ အဲဒီတော့ ၆၆(ဃ)မှာပါတဲ့ ပြစ်မှုများဟာ ပြစ်မှုဆိုင်ရာဥပဒေမှာ အကုန်လုံးပြဋ္ဌာန်းပြီးသား ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ အထက်က လူတွေ လည်း ပြောသွားပြီး ဖြစ်ပါတယ်။ အဲဒီတော့ ၆၆(ဃ)နဲ့ ပြစ်မှုဆိုင်ရာဥပဒေကို နှိုင်းယှဉ်ပြီးတော့ တရားမျှတမှုရှိသလား၊ ပြည်သူတွေကို ကာကွယ်ပေးနိုင်သလား ဆိုတာ ကျွန်တော် တင်ပြလိုပါတယ်။ ပြစ်မှုဆိုင်ရာ ဥပဒေမှာ၊ ပုဒ်မတစ်ခုချင်းမှာ ဘယ်လိုအချက်အလက် အင်္ဂါရပ်တွေနဲ့ ငြိစွန်းမှ ပြစ်မှု မြောက်တယ်ဆိုတာကို အတိအလင်းကို ပြဋ္ဌာန်းထားပါတယ်။

သို့သော် ၆၆(ဃ)မှာတော့ အင်္ဂါရပ်မပြောနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်လေးတောင်မှ မရှိဘူး ဆိုတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြစ်မှုဆိုင်ရာဥပဒေအရ တရားစီရင်မယ် ဆိုရင် သတ်မှတ်အင်္ဂါရပ်နဲ့ ငြိရင် အပြစ်ပေးမယ်၊ မငြိရင် တရားသေလွှတ်မယ်။ တရားမျှတပါတယ်။ ၆၆(ဃ)မှာတော့ အဲဒီလိုမဟုတ်ပါဘူး။ သတ်မှတ်အင်္ဂါရပ်မရှိတဲ့အတွက် တစ်ခါပြစ်မှုဆိုင်ရာ ဥပဒေ ကိုလည်း ရည်ညွှန်းထားတဲ့၊ ကိုးကားရမယ်ဆိုတဲ့ သတ်မှတ်ချက်လည်း မရှိတဲ့အတွက် လိုရင်လိုသလို၊ မလိုတဲ့ သူကို မလိုသလို စီရင်နိုင်တဲ့ အခြေအနေမျိုးမို့လို့ တရားမျှတမှုလုံးဝမရှိဘူးဆိုတာ ထင်ရှား ပါတယ်။ ဒါကြောင့်မို့လို့ ၆၆(ဃ)ဟာ တရားမျှတမှုမရှိတဲ့ ပြဋ္ဌာန်းချက်ဆိုတာ ပေါ်လွင်ထင်ရှားနေ ပါတယ်။

ဒုတိယတစ်ချက် ပြစ်မှုဆိုင်ရာဥပဒေမှာ သာနာညီမျှမှု (Equality) သဘောအရ အပြစ်ကနေ ကင်းလွတ်ခွင့်တွေ ပြဋ္ဌာန်းထားပါတယ်။ ဥပမာ အများအကျိုးကို အများပြည်သူကို အကျိုးဖြစ်စေတဲ့ မှန်ကန်တဲ့စွပ်စွဲချက်တွေကို စွပ်စွဲမယ်ဆိုရင် ဥပမာ သူခိုးကို သူခိုး၊ မုဒိမ်းကောင်ကို မုဒိမ်းကောင်၊ လူယုတ်မာကို လူယုတ်မာလို့ စွပ်စွဲခြင်းဟာ အပြစ်မဟုတ်ဘူးလို့ ပြဋ္ဌာန်းထားသလို ပြည်သူ့ဝန်ထမ်းတွေရဲ့ မမှန်ကန်တဲ့ အပြုအမူတွေ၊ စာရိတ္တတွေကိုလည်း ရိုးရိုးသားသားနဲ့ ဖော်ပြမယ်ဆိုရင် ပြစ်မှုမဟုတ်ကြောင်း အသရေဖျက်မှုအတွက် ကင်းလွတ်ချက် (၁၀)ချက်ထဲမှာ ကျွန်တော်တို့ ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ၆၆(ဃ)မှာတော့ အများအကျိုးအတွက် မှန်တာပြောလည်း အချုပ်ခံရမယ်၊ ထောင်ကျမယ်။ အများအတွက် နစ်နာတာတွေကို ဖော်ပြမယ်ဆိုရင်လည်း ကျွန်တော်တို့ ထောင်ကျမယ်၊ အချုပ်ခံရမယ်။ အဲဒီတော့ တရားမျှတတဲ့ ဥပဒေမဟုတ်ဘူး ဆိုတဲ့အပြင် အများအကျိုးအတွက် ဖော်ပြနေတဲ့လူတွေကို တောင် ကျွန်တော်တို့ အရေးယူနေတာဖြစ်တဲ့အတွက် အများအကျိုးစီးပွားနဲ့ ဆန့်ကျင်နေတယ်ဆိုတာ ထင်ရှားပေါ်ပေါက်နေပါတယ်။

ဥပမာအားဖြင့် ၂၁-၇-၂၀၁၇ နေ့ထုတ် Voice သတင်းစာမှာ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကို အလွဲသုံးစားလုပ်လို့၊ ရွာသား(၄၀)ကတိုင်လို့ အချုပ်အနှောင်ခံနေရတဲ့ တရားခံရဲ့ လက်ထိတ်ကြီးနဲ့ ပုံကို အများပြည်သူသင်ခန်းစာယူနိုင်ဖို့ Facebook မှာတင်တဲ့ လယ်ဝေးက NLD အလုပ်အမှုဆောင်နှစ်ယောက်ဟာ ၆၆(ဃ)နဲ့ အရေးယူခံရပါတယ်။ ဒါကို ကြည့်မယ်ဆိုရင် သူခိုးကို သူခိုးပါလို့ အများကို သတိပေးရင် အပြစ်ပေးနေတဲ့ ၆၆(ဃ) ဥပဒေဆိုတာ ထင်ရှားတယ်။ ပေါ်ပေါက်ပါတယ်။ အများပြည်သူကို ကာကွယ်စောင့်ရှောက်ပေးဖို့ဝေးလို့ ကာကွယ်စောင့်ရှောက်တဲ့လူတွေကိုတောင် ဒီလိုမျိုး ဖမ်းဆီးချုပ်နှောင်ပြီးတော့ ထားတဲ့အတွက် သူခိုးကိုသူခိုး၊ လူဆိုးဆိုလူဆိုးလို့ မပြောရဲလောက်အောင် ဖြစ်ကို ဖြစ်နေရမယ့်၆၆(ဃ) ဖြစ်တယ် ဆိုတာကို ရိုသေလေးစားစွာ တင်ပြလိုပါတယ်။

အဲဒီတော့ ၆၆(ဃ)ဟာ ပြစ်မှုဆိုင်ရာ လုံးဝရည်ညွှန်းထားတာလည်း လုံးဝမပါတဲ့အတွက် ပြစ်မှုဆိုင်ရာ ဥပဒေမှာပါတဲ့ အင်္ဂါရပ်တွေ ကင်းလွတ်ချက်တွေကို ထည့်သွင်းစဉ်းစားသုံးသပ်ဖို့ တာဝန်မရှိသလို တကယ်လည်း မစဉ်းစားတဲ့အတွက် ဒီလိုဖြစ်နေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၆၆(ဃ) ဟာ အခုလို ပြင်ဆင်လိုက်ရင်လည်း တရားမျှတတဲ့ ဥပဒေ ဖြစ်မလာနိုင်ဘူး၊ အများစီးပွားကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေဖြစ်မလာနိုင်ဘူး ဆိုတာ ဒီသက်သေ အထောက်အထားအရ ထင်ရှားနေပြီဖြစ်ပါတယ်။ တချို့ကပြောတယ်။ ၆၆(ဃ) မရှိရင် စောစောကပြောသလို ဟုတ်လား လက်လွန်ကုန်မှာပေါ့၊ လုပ်ကုန်ကြမှာပေါ့။ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာဥပဒေမှာ ကျွန်တော်တို့ ဒီအကုန်လုံး အရေးယူလို့ရတဲ့ဟာတွေ ကျွန်တော်တို့ ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။

အဲဒီတော့ ပြစ်မှုဆိုင်ရာဥပဒေဟာလည်း တရားမျှတတဲ့ စံချိန်စံညွှန်းတွေအရ နှစ်ပေါင်း (၁၀၀)ကျော် ကျွန်တော်တို့နိုင်ငံ ကျင့်သုံးခဲ့ပြီး ဖြစ်ပါတယ်။ ၆၆(ဃ)ကို အလွန်ဆုံး တကယ့်လက်တွေ့မှာ ထောင်(၆)လပဲချပါတယ်။ အဲဒီတော့ ပြစ်မှုဆိုင်ရာဥပဒေမှာ အသရေဖျက်မှုဆို (၂)နှစ်တောင် ချနိုင်တဲ့အတွက် အများလေးစားတဲ့လူတွေ၊ မလုပ်သင့် မလုပ်ထိုက်တဲ့ စောစောကမိန်းကလေးတွေကို စော်ကားတာဆိုရင် (၂)နှစ်အထိတောင် အခု လက်ရှိ ၆၆(ဃ) ကို အရေးယူနေတာထက် ပိုပြီးတော့ လုံလောက်အောင်ကို အပြစ်ပေးနိုင်တဲ့ ဥပဒေရှိပြီးသားဖြစ်တယ်ဆိုတာ ထင်ရှားတဲ့အတွက် ဒီ

မတရားတဲ့ ၆၆(ဃ) က မလိုအပ်ပါဘူး။ နောက်တစ်ခါ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီးတော့ အခု ပြင်ဆင်ချက်ထဲမှာပါတဲ့ ပြစ်မှု(၄)မှုကိုသာ ကျူးလွန်လို့ရတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ Facebook ကို သုံးပြီးတော့ ငွေလိမ်တာတွေ၊ လူသေအောင်မမှန်ကန်တဲ့ အချက်အလက်တွေ လုပ်တာတွေ၊ တခြားပြစ်မှုများစွာ ကျူးလွန်နိုင်ပါတယ်။ ၆၆(ဃ)မှာ အဲဒါတွေမပါ ပါဘူး။ မပါလို့ အရေး မယူရတော့ဘူးလား။ ဒါဆိုရင် ပြစ်မှုဆိုင်ရာဥပဒေက အကုန်လုံးအရေးယူလို့ရပါတယ်။ ဒီလိုပြစ်မှု ဆိုင်ရာ ဥပဒေက ပြည့်စုံနေမှတော့ ၆၆(ဃ) ဟာ လုံးဝမလိုအပ်ဘူးဆိုတာ ရှိသေစွာတင်ပြလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ကြီးအနေနဲ့ အများပြည်သူအကျိုးအတွက် တရားမျှတစွာ ကာကွယ် စောင့်ရှောက်နိုင်ဖို့ကို ၆၆(ဃ) ကို လုံးဝပယ်ဖျက်ပစ်ဖို့၊ အဆုံးအဖြတ်မဲပေးဖို့ ပြင်ဆင်ထားကြဖို့ ဆွေးနွေးတင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၉။**

**ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)က နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။

ဒီနေ့ ကျွန်မ ဆက်သွယ်ရေးဥပဒေကြမ်း ၆၆(ဃ)ကို မပယ်ဖျက်ဘဲ ပြင်ဆင်လိုတဲ့ ရှုထောင့် ကနေ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီကနေ့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာ Hacking တွေလုပ်ပြီး Data ခိုးယူတာတွေ ဖောက်ထွင်းတာတွေအတွက် ဆိုက်ဘာလုံခြုံရေး Law အသစ်အသစ်တွေ ရေးဆွဲနေတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံမှာတော့ Social Network တွေကနေ နှုတ်နဲ့လည်းကောင်း၊ စာနဲ့လည်းကောင်း အပြင်းထန်ဆုံး တိုက်ပွဲတွေ ဆင်နွှဲနေကြပါတယ်။ Post တစ်ခုတက်လာပြီဆိုတာနဲ့ သတင်းဆို သတင်းလို နားမလည်တော့ဘဲ Comment တွေမှာ ရန်ဖြစ်နေတာ တွေ့ရပါတယ်။ တကယ်တော့ Social Network တွေကနေ ကျွန်မတို့အတွက် အကျိုးရှိတဲ့ သတင်းအချက်အလက် တွေ၊ အတွေးအခေါ်တွေ၊ ဗဟုသုတတွေ၊ ပညာရပ်ဆိုင်ရာတွေ၊ ဂီတသံစဉ်တွေ၊ အလုပ်အကိုင် အခွင့် အလမ်းတွေ၊ အရောင်းအဝယ်တွေ၊ ဖန်တီးရယူ လုပ်ဆောင်နိုင်ပေမယ့် ဒီလူမှုကွန်ရက်တွေမှာ အမနာပ ရုန့်ရင်းကြမ်းတမ်းစွာ အကျိုးမဲ့ အချိန်ဖြုန်းပြီး အပြန်အလှန် ရန်ပြုနေကြတာတွေဟာ ကျွန်မတို့နိုင်ငံရဲ့ လူနေမှုအဆင့်အတန်းကို နိမ့်ကျစေပါတယ်။

ဒါကြောင့် အစွန်းနှစ်ပါးက လွတ်အောင် ထိန်းချုပ်နိုင်ဖို့နဲ့ ကောင်းမွန်တဲ့ လူမှုပတ်ဝန်းကျင်၊ ယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်း ဖော်ဆောင်နိုင်ဖို့ ၆၆(ဃ)ကို ပယ်ဖျက်လို့ မရပါဘူး။ ဒီကနေ့ ၆၆(ဃ)နဲ့ ပတ်သက်ပြီး အများဆုံး တရားစွဲဆိုခံထားရတဲ့ဟာတွေကို ကြည့်လိုက်မယ်ဆိုရင် သတင်းမီဒီယာသမား

တွေ့ရယ်၊ ကာယကံရှင်မဟုတ်တဲ့ အစွန်းနှစ်ဖက်ကနေ အပြန်အလှန် တရားစွဲဆိုကြတာ တွေ့ရမှာ ဖြစ်ပါတယ်။ တကယ်တော့ မီဒီယာသမားရဲ့ တာဝန်နဲ့ ရပိုင်ခွင့်တွေ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။

မီဒီယာရဲ့ ကျင့်ဝတ်ကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါကြောင့် မီဒီယာသမားကို မီဒီယာ ဥပဒေနဲ့ပဲ တရားစွဲဆိုသင့်ပါတယ်။ မီဒီယာကောင်စီနဲ့လည်း ညှိနှိုင်းတိုင်ပင်နိုင်ပါတယ်။ လိုအပ်ရင် ရာဇသတ်ကြီးပုဒ်မ ၅၀၀ နဲ့လည်း တရားစွဲဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်း ရာဇသတ်ကြီးပုဒ်မ ၅၀၀ ရဲ့ အသရေဖျက်ခြင်းမှာ ပုဂ္ဂိုလ်ဆိုင်ရာ ထိခိုက်စော်ကားမှုဖြစ်ပြီး တရားတပေါင် ရင်ဆိုင်ရတဲ့အခါမှာ မိမိနိုင်ငံအတွင်းမှာပဲ ပျံ့နှံ့စွာသိရှိနိုင်ပေမယ့် ဆက်သွယ်ရေးဥပဒေပါ အသရေဖျက်ခြင်းဟာ တရားတပေါင်မဖြစ်မီကပင် မိမိနိုင်ငံအတွင်းမှာမကဘဲ နိုင်ငံတကာကို ကျယ်ကျယ်ပြန့်ပြန့် ချက်ချင်း ရောက်သွားနိုင်တဲ့အတွက် ထိခိုက်နစ်နာသူ၊ မတရားစွပ်စွဲခံရသူအတွက် ကုစားလို့မရတဲ့ ဆုံးရှုံးမှုတွေ ခံစားစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဆက်သွယ်ရေးဥပဒေပါ အသရေဖျက်ခြင်းဟာ ရာဇသတ်ပုဒ်မပါ ပြဋ္ဌာန်းချက်ထက် ပိုပြီးထိရောက်စေမှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေချင်း မတူတဲ့အတွက် ဆက်သွယ်ရေးဥပဒေပါ အသရေဖျက်ခြင်းကို ဖယ်ထုတ်ပြီး သီးသန့်အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် ဆက်သွယ်ရေးဥပဒေပါ အသရေဖျက်ခြင်းအစား တစ်နည်းနည်းဖြင့် မမှန်မကန် စွပ်စွဲခြင်း၊ တစ်နည်းနည်းဖြင့် Electronic နည်းပညာသုံး၍ မမှန်မကန် လုပ်ကြံဖန်တီးခြင်းလို့ အစားထိုး ပြင်ဆင်ချင်ပါတယ်။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အပြန်အလှန် တရားစွဲဆိုကြတဲ့အခါ အကဲဆတ်လွန်းတာတွေရှိသလို လွန်လွန်ကဲကဲ အပြစ်ယူချင်လို့ စွဲဆိုတာတွေကို တွေ့ရပါတယ်။ အဲဒီအတွက် အမှုမစွဲဆိုမီ ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက်က အရေးကြီးပါတယ်။ အခု ပြင်ဆင်လိုက်တဲ့ ဥပဒေကြမ်းမှာ ကာယကံရှင်ကိုယ်တိုင် တိုင်ကြားပြီး အာမခံပေးနိုင်တဲ့ ရဲအရေးပိုင်ပုဒ်မ အဖြစ် ပြောင်းလဲလိုက်တဲ့အခါမှာ အရေးယူသင့်/မသင့်၊ မှန်/မမှန် ဆိုတာ အတည်ပြုနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ဥပမာအားဖြင့် Account အတုတွေနဲ့ လုပ်ကြံနိုင်ပါတယ်။

ဒါကြောင့် ယခင်ကလိုပဲ ဆက်သွယ်ရေးဝန်ကြီးဌာနကသော်လည်းကောင်း၊ သီးခြားလွတ်လပ်တဲ့ ကျွမ်းကျင်ပညာရှင်အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း အတည်ပြုပေးရန် လိုအပ်ပါတယ်။ နိုင်ငံတကာမှာတော့ Cyber Police တွေက တာဝန်ယူကြတာတွေ ရှိပါတယ်။ အဲဒီအတွက် ဆက်သွယ်ရေးအထူး ဥပဒေပါ ပုဒ်မ ၈၀(ခ)မှာ ပုဒ်မ ၆၆(ဃ)ကို ပြန်လည်ထည့်သွင်းပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ဒီလိုပြစ်မှုမျိုးကို နိုင်ငံတကာမှာ လူမှုရေးပြစ်ဒဏ်လို့ပဲ သတ်မှတ်ပြီး ငွေဒဏ်နဲ့ပဲ ပြစ်ဒဏ်ချမှတ်ကြပါတယ်။ ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ပြစ်ဒဏ် (၃)နှစ်အထိ ပေးနိုင်တဲ့ အမှုဟာ လတ်တလော အာမခံချက်မပေးနိုင်တဲ့အမှုအဖြစ် သတ်မှတ်ပါတယ်။ ယခုပြင်ဆင်လိုက်တဲ့ ဆက်သွယ်ရေးဥပဒေကြမ်း အထူးဥပဒေမှာ အာမခံပေးနိုင်တဲ့အမှုလို့ သတ်မှတ်လိုက်တဲ့အတွက် ရာဇဝတ်ကျင့်ထုံး ဥပဒေပြဋ္ဌာန်းချက်ကို ကျော်လွန်ဆုံးဖြတ် ပြင်ဆင်သလိုဖြစ်ပါတယ်။ ဒါကြောင့် ရာဇဝတ်ကျင့်ထုံး ဥပဒေကို မထိခိုက်စေဘဲ ပြစ်ဒဏ် (၃)နှစ်အစား (၂)နှစ် ပြင်ဆင်သတ်မှတ်လိုက်မယ်ဆိုရင် အာမခံပေးနိုင်တဲ့ ပုဒ်မအဖြစ် အလိုအလျောက် ပြောင်းလဲသွားမယ့်အပြင် ယခင်က ပြစ်မှုတစ်စုံတစ်ရာမှ ကျခံခဲ့ဖူးခြင်းမရှိတဲ့ လူရွယ်၊ လူလတ်၊ ကျောင်းသားတွေဟာ ရာဇဝတ်ကျင့်ထုံး

ဥပဒေ ၅၆၀-၂-၁(က) အရ ဆိုဆုံးမပြီး လွှတ်နိုင်တဲ့ပြစ်ဒဏ်အဖြစ် ပေးနိုင်ခွင့်ကိုလည်း ရသွားမှာဖြစ်သလို တရားရုံးအနေနဲ့လည်း ဆင်ခြင်တုံတရား ကျင့်သုံးပိုင်ခွင့် ရရှိသွားမှာဖြစ်တဲ့အကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၄။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း ဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာအပေါ်မှာ အခြေခံပြီးတော့ ဆွေးနွေးသွားပါမယ်။ အဓိက ကျွန်တော် ၆၆(ဃ)ကို ပယ်ဖျက်တဲ့ ရှုထောင့်ကနေပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရှေ့က လွှတ်တော်ကိုယ်စားလှယ်ကြီးတွေကလည်း အများအားဖြင့် ဆွေးနွေးသွားပြီးသား ဖြစ်ပါတယ်။ အဲ့ဒီတော့ ဘာကြောင့်မို့လို့ ကျွန်တော်တို့ ၆၆(ဃ)ကို ပယ်ဖျက်သင့်သလဲဆိုတဲ့ ရှုထောင့်ကနေပြီးတော့ ပြောရမယ်ဆိုရင် ၆၆(ဃ)မှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား မူလဥပဒေမှာ ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ဆိုပြီးတော့ ပါ ပါတယ်။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော် ထောက်ပြချင်တာက ဒီစကားရပ်တွေ တစ်ခုချင်းမှာမှ Definition ဖွင့်ထားခြင်း မရှိပါဘူး။ မူလ ကျွန်တော်တို့ ဒီ ဆက်သွယ်ရေးဥပဒေ၊ မူလဥပဒေမှာလည်း အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါဘူး။ အဲဒီတော့ ၆၆(ဃ)နဲ့ ကျွန်တော်တို့က တရားစွဲပြီဆိုရင် ဒီဟာတွေကို ပြစ်မှုမြောက်ဖို့အတွက် ကျွန်တော်တို့က ဘယ်လိုအင်္ဂါရပ်တွေနဲ့ ကျွန်တော်တို့က စဉ်းစားရမလဲ။ နောက်တစ်ခုက ကျွန်တော်တို့က အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိတဲ့အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော်တို့က ရာဇသတ်ကြီးကနေ သွားယူရမှာလား ပြစ်မှုဆိုင်ရာ ဥပဒေကနေ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ယူရမှာလားဆိုတဲ့ အားနည်းချက်ကို တွေ့ပါတယ်။ အဲဒီတော့ ဒီနေရာမှာ တရားသူကြီးတစ်ယောက်အနေနဲ့ ပြန်စဉ်းစားမယ်ဆိုလည်း ယူချင်လည်း ယူနိုင်တယ်။ မယူချင်လည်း ရတယ်။

ပြောချင်တဲ့အဓိပ္ပာယ်ကတော့ ကျွန်တော်တို့ အမှုကိုကြည့်ပြီး လူကိုကြည့်ပြီးတော့ လုပ်လို့ရတယ်ဆိုတဲ့ အနေအထားတစ်ခုကို ဖန်တီးပေးထားတာကို ဒီဥပဒေရဲ့ အားနည်းချက်တစ်ခုအဖြစ် ကျွန်တော့်အနေနဲ့ တွေ့ရှိရပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဒီ ၆၆(ဃ)နဲ့ ပတ်သတ်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ကျွန်တော်တို့ တစ်ခုချင်းမှာ မရှိပါဘူး။ အဲဒီအတွက်နဲ့ ပယ်ဖျက်သင့်ပါတယ် ဆိုတာ

ကျွန်တော်တို့အနေနဲ့ ထောက်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက အသရေဖျက်ခြင်း ဆိုတဲ့စကားပါ။ ဒီစကားရပ်က လက်ရှိ ဒီ ၆၆(ဃ) နဲ့ တရားစွဲဆိုတဲ့အမှု (၉၀)ရာခိုင်နှုန်းကျော်သည် အသရေဖျက်ခြင်း ဆိုတဲ့ ခေါင်းစဉ်အောက်ကနေပြီးတော့ လက်ရှိဖြစ်နေတဲ့၊ တရားရင်ဆိုင်နေရတဲ့၊ ထောင်ကျနေရတဲ့၊ အခက်အခဲတွေ ဖြစ်ပါတယ်၊ အမှုတွေဖြစ်ပါတယ်။ ဆိုတော့ အဲဒီအသရေဖျက်ခြင်း ဆိုတာလည်း ကျွန်တော် ခုနက ပြောခဲ့သလိုပဲ အဓိပ္ပာယ်ဖွင့်ဆိုချက်က မူလဥပဒေမှာ မရှိပါဘူး။ မရှိရင် ကျွန်တော်တို့က ဒါဆို ဘယ်ကိုသွားရမလဲဆိုတော့ ရာဇသတ်ကြီးကိုသွားမလား၊ ပြစ်မှုဆိုင်ရာကို သွားမလား။ ရာဇသတ်ကြီးမှာတော့ ကျွန်တော်တို့ ရှေ့က လွှတ်တော်ကိုယ်စားလှယ်တွေ ပြောခဲ့သလိုပဲ အတိအလင်း ရာဇသတ်ကြီးမှာ ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက် ပါ ပါတယ်။ ပြီးတော့ ကျွန်တော်တို့က ကျွန်တော်တို့ ပြစ်မှု မြောက်/မမြောက် ဆိုတဲ့ အင်္ဂါရပ်တွေ ပါ ပါတယ်။

ထို့အပြင် ကျွန်တော်တို့ နောက်တစ်ခုက ကျွန်တော်တို့က ဘာရှိလဲဆိုတော့ ကင်းလွတ်ချက်တွေ (၁၀)ချက် ရှိပါတယ်။ ဒါ ကျွန်တော်တို့ ရာဇသတ်ကြီးမှာ ပေးထားတဲ့ အခွင့်အရေးပါ။ ဥပဒေစည်းနှောင်မှုအား ပိုပြီးကောင်းပါတယ်။ ပိုပြီးခိုင်မာပါတယ်။ ပိုပြီးတိကျပါတယ်။ အဲဒီတော့ ရှိပြီးသားဟာ ဖြစ်တဲ့အတွက် ဒီမှာ ထပ်ပြီးတော့ အထူးဥပဒေမှာ ထပ်ပြီးတော့ပြဋ္ဌာန်းဖို့ မသင့်တော်ဘူးလို့ ကျွန်တော့်အနေနဲ့လည်း ယူဆပါတယ်။ ဒါ ဒုတိယအချက်ပါ။ ပြီးရင် ကျွန်တော်တို့ ဒီ ပုဒ်မတို့ ၄၉၉ အရ ဒါ အသရေဖျက်မှုကို ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါတယ်။ ပုဒ်မ ၅၀၀ မှာလည်း အသရေဖျက်မှုနဲ့ ကျွန်တော်တို့ ပြစ်မှု၊ ပြစ်ဒဏ်တွေ ပေးထားပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ပြစ်မှု၊ ပြစ်ဒဏ်ကတော့ ကျွန်တော်တို့ (၂)နှစ်နဲ့ (၃)နှစ် စသဖြင့် (၁)နှစ်နီးပါး ကွာပါတယ်ပေါ့နော်။

ပြီးရင် ကျွန်တော်တို့ အီလက်ထရောနစ်ဥပဒေ ဆိုပြီးတော့ ကျွန်တော်တို့ အထူးဥပဒေတစ်ရပ်လည်း ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ အသရေဖျက်ခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပုဒ်မ ၃၄ အီလက်ထရော်နစ်ဥပဒေ ပုဒ်မ ၃၄ (ဃ)နဲ့လည်း ရှိပြီးသား၊ ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ထပ်မံပြီးတော့ အထူးဥပဒေ (၂)ရပ်လုံးမှာမှ အသရေဖျက်ခြင်းဆိုတာ ပါနေတာလည်း ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ စဉ်းစားရမယ့်တစ်ချက်ပါ။ ပြီးရင် ကျွန်တော်တို့ ဒီထဲမှာ ထပ်ပါတယ်။ ကျွန်တော်တို့ ခြောက်လှန့်တောင်းဆိုခြင်း ဆိုတဲ့အဓိပ္ပာယ်မှာပါတဲ့ ကျွန်တော်တို့ ရာဇသတ်ကြီးမှာ ပါ ပါတယ်။ ကျွန်တော်တို့ ခြောက်လှန့်တောင်းဆိုမှု ဆိုတဲ့ဟာ ကျွန်တော်တို့ ပုဒ်မ ၃၈၃ ပါ ပါတယ်။ အာမခံရပါတယ်။ ပြစ်ဒဏ်အနေနဲ့ ကျွန်တော်တို့ ပုဒ်မ ၃၈၄၊ ပုဒ်မ ၃၈၅၊ ပုဒ်မ ၃၈၆၊ ပုဒ်မ ၃၈၇ တွေ ပါရှိပြီးသား ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဒီထဲမှာပါတဲ့ ကျွန်တော်တို့ ခြိမ်းခြောက်ခြင်း ဆိုတဲ့ စကားရပ်ဟာ ကျွန်တော်တို့ ရာဇသတ်ကြီးမှာ သီးသန့်ကြီးတော့ မပါ ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ရာဇဝတ်မကင်းသော ခြောက်လှန့်မှု၊ စော်ကားမှုနဲ့ စိတ်ငြိုငြင်စေမှုများ ဆိုပြီးတော့ ပုဒ်မ ၅၀၃ မှာ အတိအလင်း ဖွင့်ဆိုထားပြီး ဖြစ်ပါတယ်။

အဲဒီတော့ အထက်ပါပုဒ်မတွေကို ကြည့်ပြီးတော့ ကျွန်တော်တို့ ရာဇသတ်ကြီးမှာလည်း ပါဝင်ပြီးသား ဖြစ်ပါတယ်။ ပြီးတော့ အထူးဥပဒေဖြစ်တဲ့ ဥပဒေမှာ ပါဝင်ပြီးသားဖြစ်တဲ့အတွက် လုံးဝကို ဖျက်ပစ်သင့်တဲ့ဥပဒေ ဖြစ်တယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကနေ ပေးပို့လာတဲ့ ဒီ ပြင်ဆင်လိုတဲ့အပိုဒ်မှာ ကျွန်တော်တို့ ပုဒ်မ

၈၀(က)မှာလည်း ကျွန်တော်တို့ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည် ဆိုတဲ့အခါမှာလည်း ကျွန်တော်တို့ ရဲအရေးယူပိုင်ခွင့် မရှိတာကို ကျွန်တော်တို့အနေနဲ့ ပြင်ဆင်ချင်ပါတယ်။ ပြီးတော့ ၈၀ အပိုဒ်(ခ)မှာလည်း ဝန်ကြီးဌာနရဲ့ ကြိုတင်ခွင့်ပြုချက် ရယူရမည် ဆိုတဲ့ဟာကို မူလအတိုင်းပဲ ကျွန်တော်တို့ ထားရှိသင့်ပါတယ်။ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ကို ကျွန်တော်တို့က မတောင်းဘူးဆိုရင် ဒီထက်မက ဖြစ်နေတဲ့အမှုက အခုဆိုရင် (၇၀)ကျော်လောက် ဖြစ်နေပြီ။ နောက်ထပ် ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်မရှိဘူးဆိုရင် (၇၀၀)ကျော်လောက် ဖြစ်လာပါလိမ့်မယ်။ တိုင်းပြည်မှာ ဘာအလုပ်မှ မလုပ်ဘဲ တစ်ယောက်ကိုတစ်ယောက် အသရေ ပြန်ဖျက်နေကြပါလိမ့်မယ်။ ပြီးတော့ ကျွန်တော်တို့ အာမခံပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ်သည်ဆိုတဲ့ဥပဒေရဲ့ စည်းနှောင်မှုအား ပိုကောင်းစေချင်တဲ့အတွက် ပေးနိုင်သည် ဆိုတဲ့စကားရပ်အစား ကျွန်တော်တို့ ပေးရမည့် ပြစ်မှုများ အဖြစ် သတ်မှတ်သည် ဆိုတဲ့ဟာကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်ပါတယ်။

ဒါကြောင့်မို့လို့ ဒီ အဓိကအားဖြင့်တော့ ဒီ ပုဒ်မ ၆၆(ဃ)ကို ဒီမိုကရေစီ စံချိန်စံညွှန်းနဲ့လည်း မညီဘူး၊ လူ့အခွင့်အရေး စံချိန်စံညွှန်းနဲ့လည်း မညီတဲ့အတွက်၊ ပြည်သူလူထုကို ခြိမ်းခြောက်နေတဲ့ ဥပဒေဖြစ်တဲ့အတွက် သူခိုးကို သူခိုးမှန်း ရဲရဲဝံ့ဝံ့ ပြောနိုင်ဖို့အတွက် ကျွန်တော်တို့ ပယ်ဖျက်သင့်ပါကြောင်း အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၀။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ် ဖြစ်ပါတယ်။

ကျွန်တော် ဆွေးနွေးမှာကတော့ ဒီ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်း၊ မူကြမ်းမှာပါတဲ့ ပုဒ်မ ၆၆(ဃ) တစ်ခုတည်းနဲ့ ပတ်သက်ပြီး ပုဒ်မ ၆၆(ဃ)ကို ကျွန်တော်တို့ လူခပ်များများ၊ မီဒီယာလောကသားတွေအားလုံး ခပ်များများက ကန့်ကွက်နေကြလို့၊ မီဒီယာတွေမှာ ပါနေလို့၊ လူအများကန့်ကွက်ကြလို့ ကျွန်တော် ဒါကို ကန့်ကွက်တာ မဟုတ်ပါဘူး။ သို့သော် ကျွန်တော့်အနေနဲ့ ဒီ ပုဒ်မ ၆၆(ဃ)ဟာ ဥပဒေအရကော၊ ကျွန်တော်တို့ နောက်ပြီးတော့ နိုင်ငံရေးအရကော၊ လူမှုရေးအရကော လုံးဝမရှိသင့်ဘူးလို့ ကျွန်တော် ယူဆတဲ့၊ ယုံကြည်တဲ့အတွက် ဒါကို လုံးဝပယ်ဖျက်ပေးဖို့၊ လုံးဝဖျက်သိမ်းပေးဖို့ ကျွန်တော် ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ဆက်သွယ်ရေးဥပဒေ ပြင်ဆင်တဲ့ ဥပဒေမူကြမ်းမှာ မီဒီယာလောကတစ်ခုလုံးနဲ့ အဖွဲ့အစည်းအသီးသီးက ဆန့်ကျင်နေတဲ့ ပုဒ်မ ၆၆(ဃ) ကို လုံးဝ ဖျက်သိမ်းခြင်း မပြုဘဲနဲ့ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ မလျော်ဩဇာသုံးခြင်း ဆိုတဲ့ စကားရပ်တွေလိုပဲ ဖယ်ရှားလိုက်တာ တွေ့ရပါတယ်။ သို့ပေမယ့် အခုပြင်ဆင်လိုက်တဲ့ ဥပဒေကြမ်းမှာ အသရေဖျက်မှုကို ဆက်လက်ပြီး ထည့်သွင်းထားတာ တွေ့ရပါတယ်။

ယခု ပြင်ဆင်လိုက်တဲ့ ဥပဒေကြမ်း မူကြမ်းအပိုဒ် ၃၊ ဆက်သွယ်ရေး ပုဒ်မ ၆၆(ဃ)မှာ ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြုပြီးတော့ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း သို့မဟုတ် အသရေဖျက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းလို့ အစားထိုးဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီပုဒ်မနဲ့ ပတ်သက်ပြီးတော့ ၂၀၁၃ ခုနှစ်ကစပြီး ဇူလိုင်လအထိ ကျွန်တော်တို့ ဖော်ပြသတ်မှတ်လိုက်တဲ့ပုဒ်မမှာ ယခုနှစ် ဇူလိုင်လအထိ ပုဒ်မ ၆၆(ဃ)နဲ့ စွဲဆိုခံရတဲ့ အမှုပေါင်း (၇၆)မှု ရှိပါတယ်။

ယခင်အစိုးရလက်ထက်မှာ စွဲဆိုခဲ့တဲ့အမှုပေါင်း (၇)မှုရှိပါတယ်။ ထိုအမှုတွေထဲမှာ မီဒီယာတွေကို တရားစွဲတဲ့အမှုပေါင်း (၁၀)မှု ရှိပြီးတော့ ယနေ့အထိ တရားရင်ဆိုင်နေရဆဲလို့ သိရပါတယ်။ ယနေ့အထိ သတင်းသမား(၁၈)ဦးဟာ တရားစွဲဆိုခံနေရဆဲ ဖြစ်ပါတယ်။ ပုဒ်မ ၆၆(ဃ)နဲ့ တရားစွဲခံရတဲ့အမှု (၇၆)မှုစလုံးဟာ အသရေဖျက်မှုတွေချည်းပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာ အသရေဖျက်မှုဆိုတာနဲ့ ပတ်သက်ပြီးတော့ ရှေ့က ကိုယ်စားလှယ်ကြီးတွေလည်း ပြောသွားပါပြီ။ အထူးသဖြင့် ဦးဌေးဦး လည်း ပြောပြီးသွားပါပြီ။ ကျွန်တော်တို့ အသရေဖျက်မှုဆိုတာက ရာဇသတ်ကြီးမှာ အားလုံးပါပြီးသား ဖြစ်ပါတယ်။ ပုဒ်မ ၆၆ ပါ ပြစ်မှုတွေဟာ ရာဇသတ်ကြီးပုဒ်မတွေ အဖြစ် အားလုံး ထည့်သွင်းထားတာ ဖြစ်ပါတယ်။ ခြောက်လှန့်တောင်းယူမှု ဆိုရင် ရာဇသတ်ကြီးပုဒ်မ ၃၈၃ မှ ၃၈၉ အထိ အကျုံးဝင်ပါတယ်။ အသရေဖျက်မှုဆိုရင် ရာဇသတ်ကြီးပုဒ်မ ၄၉၉ ကနေပြီးတော့ ၅၁၁ အထိ၊ နှောင့်ယှက်ခြင်းဆိုရင် ရာဇသတ်ကြီးပုဒ်မ ၂၆၈ ကနေပြီးတော့ ခြိမ်းခြောက်ခြင်း ရာဇသတ်ကြီးပုဒ်မ ၁၈၉၊ ၃၈၈၊ ၅၀၃ စသည်ဖြင့် ရာဇသတ်ကြီးမှာ အားလုံး ပြည့်ပြည့်စုံစုံ ပါဝင်နေပါတယ်။

အဲဒီတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဒီလောက်တောင် ကျွန်တော်တို့ ရာဇသတ်ကြီးမှာ ပါဝင်နေပါလျက်နဲ့ ကျွန်တော်တို့ ပုဒ်မ ၆၆ ကို ဘာဖြစ်လို့ ထားသလဲဆိုရင် ဒီ ဥပဒေကိုထားတဲ့ ရည်ရွယ်ချက်ကိုက ၂၀၁၃ ခုနှစ်ကနေ စပြဋ္ဌာန်းခဲ့တာကိုက မမှန်ကန်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ ဒီလို ကျွန်တော်တို့ မီဒီယာ ဆက်သွယ်ရေးကွန်ရက်ကို တားဆီးချင်ရင် ဆက်သွယ်ရေးနဲ့ ပတ်သက်တဲ့ ဥပဒေတွေ ရှိပြီးသားဖြစ်ပါတယ်။ ပုဒ်မ ၃၄ လည်း ရှိပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ ၆၆(ဃ) ကို ထားတာဟာ အဲဒီအချိန်တုန်းက မီဒီယာတွေကို နှိပ်ကွပ်ဖို့ ရည်ရွယ်ပြီးတော့ ဒီမိုကရေစီ အခွင့်အရေး ၂၀၁၃ တုန်းက ပြည်သူတွေရဲ့ ဒီမိုကရေစီ တောင်းဆိုမှုတွေကို တားဆီးဖို့ ရည်ရွယ်ချက်နဲ့ ထားတယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ အခုအချိန်အထိ ကျွန်တော်တို့က (၆)ခုမှာ (၃)ခုပဲ ဖျက်ပြီးတော့ (၃)ခုပဲ ချန်ထားတာကလည်း မမှန်ကန်ပါဘူး။ အဲဒီတော့ ဒါတွေအားလုံးကို ဖျက်သိမ်းသင့်တယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီ ပုဒ်မနဲ့ ဒီကနေ့အချိန်မှာ ဒီမိုကရေစီနိုင်ငံအဖြစ် ရောက်အောင် လျှောက်လှမ်းနေတဲ့ အချိန်ဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ဟာ ဖိနှိပ်ချုပ်ချယ်မှု ဥပဒေတွေအားလုံးကို ပပျောက်သွားအောင် တစ်စတစ်စ လုပ်ရမှာဖြစ်ပါတယ်။

ဒီ ပုဒ်မနဲ့ စွဲလို့လွတ်သွားရင် နောက်ထပ်ပုဒ်မတွေနဲ့ စွဲမယ်ဆိုတာမျိုးတွေ ဒီခေတ်မှာ မရှိသင့်တော့ပါဘူး။ နောက်ပြီးတော့ အကယ်၍ ၆၆(ဃ)ကြီးကို မဖျက်ခဲ့လို့ရှိရင် အဲဒီပုဒ်မကို အသုံးချပြီး ပြည်သူတွေကို ဖိနှိပ်လိုသူတွေကြောင့် ဒီမိုကရေစီအစိုးရရဲ့ ပုံရိပ်ကိုပင် ထိခိုက်လာနိုင်ပါတယ်။ ဖိနှိပ်

ချုပ်ချယ်မှု ဥပဒေတွေ အားလုံးကို ချက်ချင်းမဖျက်ဘဲ အသက်ဆက်ပေးထားမယ်ဆိုရင် ကျွန်တော်တို့ ဒီမိုကရေစီခရီးဟာ နောက်ပြန်ဆုတ်သွားနိုင်ပါတယ်။ ဖိနှိပ်ချုပ်ချယ်မှု ဥပဒေတွေဟာ ကင်ဆာဆဲလ်တွေလိုပါပဲ။ ဒီ အခု ၆၆(ဃ)မှာ (၃)ခုဖယ်ပြီး (၃)ခုထားပေမယ့်လည်း အဲဒီ(၃)ခုနဲ့ မွေ့နှောက်လို့ ရပါတယ်။ အဲဒါဆိုလို့ရှိရင် ကျွန်တော်တို့ဟာ အများကြီး ထိခိုက်သွားနိုင်ပါတယ်။ လူထုရဲ့ ဆန့်ကျင်မှုတွေ၊ လူထုရဲ့ မလိုလားမှုတွေ၊ ကန့်ကွက်မှုတွေလည်း အများကြီး ပေါ်လာနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့ အရေးကြီးတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲရေးကြီးတွေ လူထုကို အလုပ်အကိုင်တွေပေးတာတွေ၊ မလုပ်နိုင်သေးရင်တောင်မှ လူထုကို ဖိနှိပ်တဲ့ ဥပဒေတွေကိုတော့ တတ်နိုင်သမျှ အမြန်ဆုံးဖယ်ရှားပစ်ဖို့လိုတယ်လို့ ကျွန်တော် ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၅။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒီကနေ့က ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း ပုဒ်မ ၆၆(ဃ)ကို ပြင်ဆင်ပြီးတော့ ပုဒ်မ ၈၀(င)ကို ကျွန်တော်အသစ် ဖြည့်စွက် ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီ ဥပဒေရဲ့ ပုဒ်မ ၆၆(ဃ) ဟာ ဒီ ဥပဒေဟာ အများပြည်သူ အကျိုးအတွက် ဟုတ်၊ မဟုတ်ဆိုတဲ့ အကြောင်းအချင်းအရာဟာ ဒီဥပဒေတွေရဲ့ ပြဿနာ အကြောင်းအချင်းအရာ ဖြစ်ပါတယ်။ ဒီ ဥပဒေရဲ့ ပြင်ဆင်ချက်က ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အလွဲသုံးစားပြုနေသူတွေကို အရေးယူတဲ့အခါမှာ စွပ်စွဲခံရသူအနေနဲ့ အခွင့်အရေးတွေ ပိုမိုရရှိစေဖို့နဲ့ တခြား Third Party ကနေပြီးတော့ တိုင်တန်းတရားစွဲဆိုခြင်း မရအောင် ပြင်ဆင်ပေးထားခြင်းလည်း ဖြစ်ပါတယ်။

အရင်ဆုံး ကျွန်တော် ပုဒ်မ ၆၆(ဃ) ကို ဆွေးနွေးပါမယ်။ ပုဒ်မ ၆၆(ဃ)မှာ ပြင်ဆင်ချင်တာကတော့ မူလဥပဒေမှာက ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း သို့မဟုတ် အသရေဖျက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြင်ဆင်ချင်တာက ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်ဆိုတဲ့ နေရာမှာ သူတစ်ဦးဦးအား ခြောက်လှန့်ခြင်း သို့မဟုတ် ခြောက်လှန့်တောင်းယူခြင်း သို့မဟုတ် အသရေဖျက်ခြင်းလို့ ကျွန်တော် ဒီနေရာမှာ ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော် နှောင့်ယှက်ခြင်းနဲ့ ခြိမ်းခြောက်ခြင်းကို ပယ်ဖျက်ဖို့ ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ တကယ်တော့ ဒီ ပုဒ်မဟာ ကျွန်တော်တို့ နိုင်ငံရေးတည်ငြိမ်ပြီးတော့ လူမှုရေးအသိတွေ ပြည့်ဝတဲ့ နိုင်ငံတွေမှာဆိုရင်တော့ မလိုအပ်တာ အမှန်ပါပဲ။ ဒီ ၆၆(ဃ) ပြဋ္ဌာန်းချက်တွေဟာလည်း ရာဇသတ်ကြီး ပြဋ္ဌာန်းချက်တွေမှာ ကျွန်တော်တို့ ပြဋ္ဌာန်းပြီးသားဖြစ်တဲ့အတွက် ရှိပြီးသားဖြစ်တဲ့အတွက် ရာဇသတ်ကြီး ပုဒ်မမှာလည်း ပြဋ္ဌာန်းပြီးသားရှိပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့

ဆက်သွယ်ရေးနည်းပညာတွေ တိုးတက်လာပြီးတော့ အွန်လိုင်းမီဒီယာတွေ သုံးစွဲမှု များလာတဲ့အခါမှာ ဒီ ဥပဒေဟာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာပါတယ်။

ဒါကြောင့်မို့လို့ ဒီ ပြဋ္ဌာန်းချက်မှာ ကျွန်တော်တို့ အသရေဖျက်ခြင်း ဆိုတာဟာ ပါနေတာဟာ ကျွန်တော်တို့ အများကြီး ဆွေးနွေးရတာဖြစ်တယ်။ နောက်တစ်ခုက ဒီအသရေဖျက်ခြင်းဆိုတာက ကျွန်တော်တို့က အသရေဖျက်မှု မြောက်ဖို့အတွက်ကို စွပ်စွဲခံရသူဟာ ပြစ်မှုဆိုင်ရာပုဒ်မ ၅၀၀ နဲ့ ငြိစွန်းဖို့ ပြဋ္ဌာန်းချက်ကို ငြိစွန်းဖို့၊ ချိုးဖောက်ဖို့ လိုပါလိမ့်မယ်။ လူတစ်ဦးဦးကို စွပ်စွဲရုံမျှနဲ့ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာ ပုဒ်မ ၅၀၀ အရ အသရေပျက်စေမှု မမြောက်ပါဘူး။ ယူဆလို့လည်းမရပါဘူး။ လူတစ်ဦးဦးအပေါ် မတရားလီဆယ်ပြီးတော့ စွပ်စွဲခြင်း ပြုလုပ်ကြောင်း ပေါ်ပေါက်ခဲ့လျှင် စွပ်စွဲသူအပေါ်မှာ ပြစ်မှုဆိုင်ရာ ပုဒ်မ ၁၈၂ အရ လည်းကောင်း၊ ၂၁၁ အရ လည်းကောင်း၊ ကျွန်တော်တို့ ပြန်လည်ပြီးတော့ အရေးယူဆောင်ရွက်လို့ရတယ် ဆိုတာ ဒီနေရာမှာ ပြောချင်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ဒီနေရာမှာ အသရေဖျက်ခြင်း ဆိုတာကို မပယ်ဖျက်တော့ဘဲနဲ့ နှောင့်ယှက်ခြင်း ဆိုတဲ့ဟာကို ခြိမ်းခြောက်ခြင်းဆိုတာကို ပယ်ဖျက်မှာ ဖြစ်ပါတယ်။ နှောင့်ယှက်ခြင်းဆိုတာဟာ ဘာလို့လဲဆိုတော့ ဒီနေရာမှာ ကျွန်တော်တို့ ခြောက်လှန့်တောင်းယူခြင်းလို့ ပါတဲ့အတွက် နှောင့်ယှက်ခြင်း ဆိုတာ ကျွန်တော်တို့ မလိုအပ်တော့ပါဘူး။ နှောင့်ယှက်ခြင်းဆိုတာ ဘာကိုနှောင့်ယှက်သလဲ ဆိုတဲ့ အကြောင်းအချင်းအရာ မပါတဲ့အတွက်လည်း ဒီနေရာမှာ မလိုအပ်တဲ့အတွက် ကျွန်တော် ဒါကို ပယ်ဖျက်ချင်တာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ကျွန်တော် ခြိမ်းခြောက်ခြင်း ဆိုတာကို ပယ်ဖျက်ချင်တာ ဖြစ်ပါတယ်။ ခြိမ်းခြောက်ခြင်းဆိုတာ ခြောက်လှန့်တောင်းယူခြင်းလို့ ပြဋ္ဌာန်းထားတဲ့အတွက် ပုဒ်မ ၅၀၃၊ ၅၀၆ အရ ရာဇဝတ်မကင်းတဲ့ ခြိမ်းခြောက်မှုဖြစ်တဲ့အတွက် ခြိမ်းခြောက်ခြင်းလို့ ထပ်မံထည့်လိုက်တဲ့အတွက် ဘာဖြစ်သလဲဆိုရင် ကျွန်တော်တို့ ရိုးရိုးခြိမ်းခြောက်မှု မဟုတ်တော့ဘဲနဲ့ ကြီးမားတဲ့ခြိမ်းခြောက်မှု ဖြစ်သွားတယ်။ အဲဒီလိုဖြစ်သွားတဲ့အခါမှာ ရာဇသတ်ကြီးပုဒ်မ ၅၀၆ မှာ ထပ်ပြီးတော့ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ အကယ်၍ ခြိမ်းခြောက်ခြင်းသည် သေစေမည်ဟုလည်းကောင်း၊ အပြင်းအထန် နာကျင်စေမည်ဟုလည်းကောင်း၊ ပစ္စည်းကို မီးနဲ့ဖျက်ဆီးစေမည်ဟုလည်းကောင်း၊ သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ (၇)နှစ်အထိ ထောင်ဒဏ် ပြစ်ဒဏ်ကို၊ ပြစ်မှုကို ကျူးလွန်ရမည် ဟုလည်းကောင်း၊ ကာမဖောက်ပြန်ခြင်းကြောင့် မိန်းမတစ်ဦးအား စွပ်စွဲမည်ဟုလည်းကောင်း၊ ခြိမ်းခြောက်ခဲ့လျှင်တဲ့ ထိုသူကို (၇)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး၊ ငွေဒဏ် သို့မဟုတ် ဒဏ်(၂)ရပ်လုံးကို ချမှတ်ရမယ်လို့ ဒီ ခြိမ်းခြောက်ခြင်းဆိုတဲ့ ဥပဒေကို ပြဋ္ဌာန်းပြီးသား ဖြစ်တဲ့အတွက် နောက်ထပ် ခြိမ်းခြောက်ခြင်းလို့ ထပ်ထည့်တဲ့အတွက် ကျွန်တော်တို့ ဒါဟာ ပုဒ်မ ၅၀၆ အရ အင်မတန်ကြီးလေးတဲ့ ပြစ်မှု၊ ပြစ်ဒဏ် ချမှတ်ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီမှာ ခြိမ်းခြောက်ခြင်းဆိုတာကို ပယ်ဖျက်ချင်တာ ဖြစ်ပါတယ်။ ဒါ ကျွန်တော် ၆၆(ဃ)နဲ့ ဆွေးနွေးတာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော် ပုဒ်မ ၈၀၊ ပုဒ်မ ၈၀ ရဲ့ ကျွန်တော် အသစ်ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်တာက ကျွန်တော် ပုဒ်မ ၈၀ မှာဆိုရင် ပုဒ်မ ၈၀ ရဲ့ (င)အနေနဲ့ အသစ်ဖြည့်စွက်ချင်တာကတော့ ဤဥပဒေပါ ပြစ်မှု ၆၆(ဃ) သည် တရားရုံးရဲ့ ခွင့်ပြုချက်မလိုဘဲ ကျေအေး

နိုင်သည် ဆိုတဲ့အကြောင်း ပြဋ္ဌာန်းချက်ကို ဒီနေရာမှာ အသစ်ဖြည့်စွက်တာ ဖြစ်ပါတယ်။ ဒါကလည်း ဒီ ဥပဒေက ကျေအေးနိုင်တဲ့ပုဒ်မ ဖြစ်နေတဲ့အတွက် ကျွန်တော်ဟာ ဒီ ဥပဒေမှာ လိုအပ်တယ်လို့ ယူဆတဲ့ အတွက် အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၈၀ မှာ ဤဥပဒေပါ ပုဒ်မ ၆၆ သည် တရားရုံး၏ ခွင့်ပြုချက်မလိုဘဲ ကျေအေးနိုင်သည်လို့ ကျွန်တော် ဖြည့်စွက်ချင်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၁။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၁။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံးပဲ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်သွယ်ရေးဥပဒေကြမ်း အပေါ်မှာ ပုဒ်မ ၆၆(ဃ)နဲ့ ပုဒ်မ ၈၀ ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပုဒ်မ ၆၆(ဃ)မှာ ဥပဒေကြမ်းမှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ် တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း သို့မဟုတ် အသရေဖျက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းဆိုတဲ့ အပိုဒ်မှာ ဒါ အားလုံးလည်း ရှေ့ကဆွေးနွေးသွားတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများလည်း အထူးအလေးပေး ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာ ပြင်ဆင်လိုတဲ့အချက်ကတော့ ဒီ ပုဒ်မ ၆၆ မှာ အဓိကက ခုနတုန်းက ပြောသလို ဒီ အမှုတွဲတွေ အားလုံး မှာ အဓိက ဒီ အသရေဖျက်ခြင်းနဲ့ ရင်ဆိုင်နေရတာပါ။ အဲဒါကြောင့် ဒီမှာ အသရေဖျက်ခြင်းကို ဒီ ပုဒ်မ ကနေ ကျွန်တော်က ပယ်ဖျက်လိုပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ အသရေဖျက်ခြင်းနဲ့ ပတ်သက်လို့ အသရေဆိုတာ ကျင့်ဝတ်နဲ့ သိက္ခာလို့ ကျွန်တော်တို့ နားလည်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်ရဲ့ ကိုယ်ကျင့်တရား၊ သိက္ခာရှိမယ် ဆိုလို့ရှိရင် မိမိရဲ့အသရေဟာ မိမိမှာ ရှိနေမှာပါ။ ကိုယ့်ရဲ့ကျင့်ဝတ်သိက္ခာ ရှိတယ်ဆိုရင် မည်သူတစ်ဦးတစ်ယောက်ကပဲ အသရေဖျက်ဖျက် မပျက်ပါဘူး။ တကယ်လို့ ကိုယ်က အသရေပျက် စေတဲ့အလုပ်တွေ၊ ပြစ်မှုတွေကို လုပ်ခဲ့မယ်ဆိုရင်တော့ ဘယ်သူမှ လာမဖျက်လည်း ကိုယ်ကိုယ်၌က အသရေပျက်ပြီးသား ဖြစ်နေတဲ့တစ်ချက်၊ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ လူတစ်ယောက် ယောက်က ယိုးစွပ်ပြီးတော့ သို့မဟုတ် မမှန်မကန်သတင်းတွေ ဖြန့်ပြီးတော့မှ စွပ်စွဲမယ် ဆိုလို့ရှိရင် ပုဒ်မ ၆၈(က)မှာ မမှန်မကန်သတင်းများ ဖြန့်ဝေခြင်း ဆိုတဲ့နေရာမှာ သူရဲ့ ပြစ်မှု၊ ပြစ်ဒဏ်နဲ့ ပြဋ္ဌာန်း ပြီးသားတစ်ချက် ဖြစ်တယ်။ နောက် ကျွန်တော်တို့ အသရေဖျက်ခြင်းကို ရှေ့က ကိုယ်စားလှယ်တော် ကြီးများ ဆွေးနွေးသွားသလို ရာဇသတ်ကြီးပုဒ်မတွေအနေနဲ့ ပြဋ္ဌာန်းပြီးသား ဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ အသရေဖျက်ခြင်း ဆိုတာကို ပယ်ဖျက်လိုပါတယ်။ သို့တည်းမဟုတ် ဒီဟာမှာ အသရေ

ဖျက်ခြင်းဆိုတဲ့ ကဏ္ဍကို ဒီဥပဒေမှာ ကျွန်တော်တို့က ဒီ အဓိပ္ပာယ်ဖွင့်ဆိုချက် ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ဖော်ပြနိုင်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ အများပြည်သူတွေကြားမှာ ခံစားနေရတဲ့ ဒီ ပုဒ်မ ၆၈ နဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ အလွဲအမှားဖြစ်မှုတွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ပုဒ်မ ၈၀၊ ပုဒ်မ ၈၀ မှာကတော့ (ခ) ဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။ ဒါ မူလဥပဒေပါ။ ကျွန်တော့် အနေနဲ့တော့ မူလဥပဒေကို လက်ခံပါတယ်။ အဲဒီမှာ ထပ်ပြီးတော့ ဖြည့်သွင်း ဆွေးနွေးလိုတာကတော့ ဒီမှာ ကျွန်တော်တို့ ပုဒ်မ ၈၀(ခ) မှာ ဝန်ကြီးဌာနသည် တင်ပြလာသော ပြစ်မှုများကို စစ်ဆေးရေးအဖွဲ့ ဖွဲ့၍ ဆုံးဖြတ်ပေးရမည် ဆိုတဲ့စာသားကို ကျွန်တော်တို့ ဖြည့်သွင်းစေလိုပါတယ်။ ဘာကြောင့်လဲဆိုတဲ့ အခါကျတော့ ဒီ အွန်လိုင်းမှာတင်လိုက်တိုင်း ဖြစ်လာတဲ့ပြဿနာတွေကို ချက်ချင်း ကျွန်တော်တို့ မစိစစ်ဘဲနဲ့ ဆိုလို့ရှိရင် အမှုတွဲပေါင်းများစွာနဲ့ အခုလည်း ရင်ဆိုင်နေရတဲ့အခါပါ။ ဒါကြောင့်မို့လို့ စနစ်တကျစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီးမှသာလျှင် ခွင့်ပြုချက်ပေးရမည် ဆိုတဲ့အပိုဒ်မျိုး ကျွန်တော် ဖြည့်သွင်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခ)သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၄။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဒီဥပဒေဟာ ဥပဒေလောက၊ မီဒီယာလောက နှစ်ခုတည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံသားအားလုံးနဲ့ဆိုင်တဲ့ ဥပဒေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဆွေးနွေးလိုတဲ့ အချက်ကတော့ ပုဒ်မ ၆၆(ဃ)နဲ့ ပတ်သက်ပြီးတော့ ပယ်ဖျက်သွားဖို့ကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီလိုဆွေးနွေးတဲ့နေရာမှာ ကျွန်တော် ဥပဒေရှုထောင့်နဲ့ နည်းပညာရှုထောင့် (၂)ခုကနေ ဆွေးနွေးသွားပါမယ်။ ဥပဒေရှုထောင့်အနေနဲ့ ကျွန်တော်ကို Power Point တင်ပြခွင့်ပြုပါ။ ဒီ ဥပဒေ တစ်ခုကို ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ ပြစ်မှုဆိုင်ရာဥပဒေနဲ့၊ ဆက်သွယ်ရေးဥပဒေရဲ့ ဝိရောဓိတွေ၊ ရောထွေးမှုတွေ၊ ရောထွေးနေတာတွေကို ကျွန်တော်တို့ တွေ့နိုင်မှာဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာ ဥပဒေ မှာလည်း ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းဆိုတဲ့ အကြောင်းအချင်းအရာတွေနဲ့ ပုဒ်မတွေ ပါပြီးသားဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေမှာတော့ ပြစ်ဒဏ် တွေကို ရေးဆွဲသားပြီး ဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေဟာ အထူးဥပဒေ ဖြစ်ပါတယ်။ အထူးဥပဒေ များဟာ (၃)နှစ်နဲ့ အထက်ဖြစ်စေ၊ အာမခံမပေးရန် ပြဌာန်းထားပါတယ်။ အထူးပြုဥပဒေများဟာ ယေဘုယျဥပဒေများအပေါ်မှာ လွှမ်းမိုးထားတယ်ဆိုပေမယ့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၉၇ အရ အာမခံပေးမှုနဲ့ ပတ်သက်ပြီးတော့ တရားသူကြီးရဲ့ ဆင်ခြင်တုံတရားအပေါ် လုပ်ပိုင်ခွင့်ပေးထားခြင်း ဆိုတဲ့ ခြွင်းချက်ရှိတာ ဖြစ်တဲ့အတွက် ဒီ ဆက်သွယ်ရေးဥပဒေဟာလည်း အာမခံပေးရမယ်လို့ ပြဌာန်း

ထားလို့ရှိရင် ဒီ ဥပဒေနှစ်ခုဟာ ဝိရောဓိနည်းသွားပါလိမ့်မယ်။ ပြီးခဲ့တဲ့ အချက်တွေကြောင့်မို့လို့ အာမခံပေးခြင်း၊ မပေးခြင်းဟာ တစ်သမတ်တည်း မဖြစ်လာသလို ကျိုးကြောင်းဆီလျော် ညီညွတ်မှုလည်းမရှိ၊ ၆၆(ဃ)နဲ့ စွဲထားတဲ့အမှုတွေဟာ အာမခံတယ်။ အချို့က အာမခံ မရတာတွေကို ကျွန်တော်တို့ အားလုံးသိပြီးဖြစ်ပါတယ်။ ဒီအချက်ဟာ တရားဥပဒေ ဖွင့်ဆိုပြဋ္ဌာန်းချက် အားနည်းသလို ပြည်သူတွေအနေနဲ့ တရားဥပဒေစိုးမိုးရေး၊ တရားရေးစနစ်အပေါ်မှာ မယုံကြည်မှုတွေ၊ ယုံကြည်မှုနည်းလာတာတွေကို ဖြစ်လာမှာကိုလည်း ကျွန်တော်တို့ စိုးရိမ်စရာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ဥပဒေရှုထောင့်ကနေ ရှင်းပြရခြင်း ဖြစ်ပါတယ်။

နည်းပညာရှုထောင့်ကနေ ကျွန်တော် ရှင်းပြပါမယ်။ ဒီဥပဒေနဲ့ ပတ်သက်ပြီး နည်းပညာ၊ ဆက်သွယ်ရေး၊ ဆိုက်ဘာနည်းပညာ ကျွမ်းကျင်မှုများနဲ့ ပတ်သက်ပြီး အားနည်းချက်၊ ချို့ယွင်းချက်တွေကို ဆောင်ရွက်မှုနည်းလမ်းတွေကို ဥပဒေမှာ ဖော်ပြထားတာ မတွေ့ရပါဘူး။ ဆက်သွယ်ရေးကွန်ရက် အသုံးပြုပြီး ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ထားသလဲ ဆိုတာကို အခန်း(၂)မှာ အမည်နဲ့ အဓိပ္ပာယ် ဖော်ပြချက်မှာ ရှင်းပြထားတာ မတွေ့ရပါဘူး။

ဒါကြောင့်မို့လို့ ပြစ်မှုဆိုင်ရာဥပဒေ ရှင်းလင်းချက်ကို ယူသုံးမယ်ဆိုရင် ပြစ်မှုဆိုင်ရာဥပဒေဟာ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းကို အထူးပြုထားတာ ဖြစ်ပါတယ်။ အခု ဆက်သွယ်ရေးဥပဒေဟာ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းကို အထူးပြုထားတာတော့ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အန္တရာယ် အတိမ်အနက်၊ အကျိုးအပြစ် အတိမ်အနက် မတူညီနိုင်ပါဘူး။ ပြစ်မှုဆိုင်ရာဥပဒေမှာတောင် ပြစ်ဒဏ်အမျိုးမျိုးရှိပြီး ဒီ ဆက်သွယ်ရေးဥပဒေမှာ (၃)နှစ်ဆိုတဲ့ တစ်သမတ်တည်း ထည့်သွင်းထားတာဟာ ဥပဒေရဲ့ အားနည်းချက်လို့ ထောက်ပြစရာ ဖြစ်နေပါတယ်။ Power Point ပိတ်ပေးပါခင်ဗျား။ နည်းပညာအားနည်းချက်တွေအနေနဲ့ Account အတု ဖန်တီးခြင်း၊ မိမိ Account ပေါ်မှာ နည်းပညာကျွမ်းကျင်မှုဖြင့် ဝင်ရောက်ရေးသားထားပြီး ဖော်ပြပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ကျူးလွန်ပြီး ရေးသားထားမယ်ဆိုရင် တရားသူကြီးရဲ့ နည်းပညာကျွမ်းကျင်မှုဖြင့် မစစ်ဆေးနိုင်တဲ့အခါမှာ ချို့ယွင်းချက်တွေရှိလာနိုင်ပါတယ်။ တရားသူကြီးရဲ့ နည်းပညာကျွမ်းကျင်မှု နောက်ခံ Background မရှိဘဲနဲ့ ဥပဒေဖွင့်ဆိုချက်တစ်ခုတည်းနဲ့ ဆုံးဖြတ်ထားတာဟာ အတော်ကိုလွဲမှားသွားနိုင်ပါတယ်။ စွပ်စွဲခံရသူဘက်ကလည်း နည်းပညာမကျွမ်းကျင်လို့ မိမိလုပ်ဆောင်တာမဟုတ်ကြောင်း သက်သေတင်ပြရန် မစွမ်းဆောင်နိုင်တဲ့ အခြေအနေတွေ ကြုံလာရင် ကျွန်တော်တို့ အခြောက်တိုက် ထောင်ချတာမျိုး ရှင်းပြခွင့်မရှိတဲ့အချိန်မှာ အာမခံမရဘဲနဲ့ အချုပ်ထဲကို သွားနေရတာမျိုးတွေဆိုရင် ဒါ နည်းပညာရဲ့ ချို့ယွင်းချက်တွေ ပြဿနာတစ်ခုလိုဖြစ်လာပြီဆိုတာ ကျွန်တော်တို့ ဆန်းစစ်လို့ရပါတယ်။

မိမိတို့နိုင်ငံဟာ နည်းပညာဆက်သွယ်ရေး စားသုံးတဲ့ User နိုင်ငံဖြစ်ပါတယ်။ ဖန်တီးတီထွင်တဲ့နိုင်ငံ မဟုတ်သေးပါဘူး။ နည်းပညာဆက်သွယ်ရေး ဖန်တီးတီထွင်မှု အားနည်းတဲ့နိုင်ငံမှာ ဒီလိုပုဒ်မမျိုး ပြဋ္ဌာန်းထားတာ ထူးဆန်းတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပုဒ်မ ၆၆(ဃ) ဟာ အာမခံ ပေးထားရုံနဲ့ ဆက်သွယ်ရေးဥပဒေနဲ့ ပြစ်မှုဆိုင်ရာဥပဒေများကို ရောထွေး ကျင့်သုံးနိုင်ခြင်း ရှိ/မရှိကို ယတိပြတ် ပြောကြားလို့မရပါဘူး။ ဆက်သွယ်ရေးဥပဒေ အခန်း(၂) အမည်၊ သက်ဆိုင်ခြင်း၊

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွေမှာ ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်ဖွဲ့ဆိုထားခြင်း မရှိခြင်းကြောင့် ဒီခုနက ပြောတဲ့ ခြောက်လှန့်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းတွေ အပေါ်မှာလည်း ကျွန်တော်တို့ အဲဒီအချက်တွေမှာ ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်ဖော်ပြထားတာ မရှိပါဘူး။ နောက်တစ်ခုက နိုင်ငံတော်စံနှုန်းနှင့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှု မရှိပါဘူး။ နည်းပညာ နောက်တစ်ခုက နည်းပညာ သတင်းဆက်သွယ်ရေး Cyber မှုခင်းနည်းပညာနဲ့ဆိုင်တဲ့ အခက်အခဲတွေရှိပါတယ်။ ကျွန်တော်တို့ နည်းပညာနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုစံနှုန်းတွေနဲ့ ဘယ်သူက သတ်မှတ်မှာလဲ၊ ဆုံးဖြတ်မှာလဲ ဆိုတဲ့အချက်တွေ မရှိပါဘူး။

နောက်ဆုံးတစ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၊ ၁(က)(ဏ)နဲ့ ချိန်ဆရန် ကျွန်တော်တို့ လိုအပ်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ပုဒ်မ ၃၅၄(က)တို့နှင့် ဆန့်ကျင်မှု ရှိ/မရှိကို ကျွန်တော်တို့ ဆန်းစစ်တဲ့နေရာမှာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ မှာ ပြဋ္ဌာန်းတဲ့အတိုင်း ဒီဥပဒေဟာ တစ်နိုင်ငံလုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေတဲ့အတွက် ဖျက်သိမ်းသင့်သလား၊ မဖျက်သိမ်းသင့်သလား ဆိုတာကို ပြည်သူ့ဆန္ဒခံယူတဲ့နည်းလမ်းများနဲ့ ကျင့်သုံးလိုက်မယ်ဆိုရင် အဖြေဟာ ရှင်းရှင်းလင်းလင်း ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့်မို့ ဒီအဆိုမှာ ၆၆(ဃ)ကို ပယ်ဖျက်ပေးဖို့ ကျွန်တော်က ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၄၀။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့် ဒီ ဥပဒေနဲ့ ပတ်သက်ပြီးတော့ အခန်း(၁၈) ပြစ်မှု၊ ပြစ်ဒဏ်များ အခန်းက အခန်းကို အရင်ဆုံး ဆွေးနွေးမှာ ဖြစ်ပါတယ်။

မူလဆက်သွယ်ရေး ဥပဒေမှာ ပုဒ်မ ၆၆ မှာ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပုဒ်မ ၆၆ ရဲ့ (ဃ)မှာက ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒီ မူလဥပဒေကို အဆိုပြု ပြဋ္ဌာန်းချက်အနေနဲ့ ကျွန်တော်တို့ ဒီလွှတ်တော်ကို တင်ပြလာတဲ့အခါမှာ ဒီ ပုဒ်မ ၆၆ ရဲ့ (ဃ)မှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း သို့မဟုတ် အသရေ

ဖျက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ဆိုပြီးတော့ အဆိုပြု ပြဋ္ဌာန်းထား ပါတယ်။

ဥပဒေကြမ်းကော်မတီမှာတော့ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ဆိုပြီးတော့ ကျွန်တော်တို့ ဒီလိုမျိုး ဒီပြင်ဆင်ချက်အနေနဲ့ ရေးသားထားပါတယ်။ ပြင်ဆင်ချက်အနေနဲ့ တင်သွင်းထားပါတယ်။ နှစ်ခုစလုံးမှာ အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ မလျော်ဩဇာသုံးခြင်း ဆိုတဲ့စကားလုံးတွေကို ဖြုတ်ပယ်ထားပါတယ်။ ဒီ ဖြုတ်ပယ်တာတွေဟာ ဆီလျော်မှုရှိတဲ့အတွက် ရှိကြောင်းကိုလည်း တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော် ဒီနေရာမှာ ဆွေးနွေးချင်တာက အဆိုပြုပြဋ္ဌာန်းချက်နဲ့ ဥပဒေကြမ်းပြင်ဆင်ချက်မှာပါတဲ့ အသရေဖျက်ခြင်းကို ပြုလုပ်လျှင် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမယ်လို့ ပါ ပါတယ်။ ဒီနေရာမှာ ခုနက ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦး ဆွေးနွေးသွားတဲ့အထဲမှာလည်း ပါ ပါတယ်။

ရာဇသတ်ကြီးပုဒ်မ ၅၀၀ မှာ ကျွန်တော်တို့ မည်သူမဆို အခြားသူတစ်ဦး၏ အသရေကို ဖျက်လျှင် ထိုသူကို (၂)နှစ်ထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ ဒီအသရေဖျက်မှုအတွက် ပြစ်ဒဏ်ကို ပြဋ္ဌာန်းထားပါတယ်။ နောက်တစ်ခုက ၅၀၁ မှာ မည်သူမဆို အကြောင်းအရာတစ်ခုကို ပုံနှိပ်ရာတွင် သို့မဟုတ် ထုထွင်းရာတွင် ထိုအကြောင်းအရာသည် တစ်ဦးတစ်ယောက်သောသူ၏ အသရေကို ပျက်စေသည် ဟု သိလျှင် ထိုသို့မဟုတ် ထိုသို့ ပျက်စေသည်ဟုယုံကြည်လျှင် ထိုသူကို (၂)နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ အဲ့ဒီလို ကျွန်တော်တို့ ပုဒ်မ ၅၀၀ နဲ့ ၅၀၁ ရာဇသတ်ကြီးပုဒ်မမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ခုနက ဆွေးနွေးသွားတဲ့အထဲမှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဒီဆက်သွယ်ရေးဥပဒေဟာ Special Law ဖြစ်ပါတယ်။ ဒီဥပဒေနှင့် ရာဇသတ်ကြီးဥပဒေရဲ့ ကွဲပြားခြားနားမှုကိုလည်း ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ ဥပဒေရဲ့ သက်ရောက်မှုနဲ့ လက်ရှိ ပကတိအခြေအနေတွေကိုလည်း မှန်မှန်ကန်ကန် ထည့်သွင်းသုံးသပ်ဖို့လည်း လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီအသရေဖျက်မှု ဆိုတဲ့ စကားရပ်ကို ရာဇသတ်ကြီးပုဒ်မနဲ့လည်း ကျွန်တော်တို့ ကိုက်ညီဆီလျော်မှုရှိအောင် ပုဒ်မ ၆၆ ရဲ့နောက်မှာ ပုဒ်မ ၆၇ အဖြစ် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်လျှင် ထိုသူကို (၂)နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ အစားထိုး ပြင်ဆင်လိုကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ခုက ကျွန်တော် ပုဒ်မ ၈၀ နဲ့ ပတ်သက်ပြီးတော့ အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဥပဒေနဲ့ပတ်သက်ပြီး ချိုင်ငုံသုံးသပ်တဲ့အခါမှာ ခံစားချက်တွေ အကြားတွေနဲ့ သုံးသပ်ရင် ကျွန်တော်တို့ အမှားအယွင်းတွေ တွေ့နိုင်ပါတယ်။ လက်ရှိအခြေအနေတွေကို မှန်မှန်ကန်ကန် သုံးသပ်ဖို့ လိုပါတယ်။ နိုင်ငံရဲ့ လက်ရှိအခြေအနေတွေကို မြင်အောင်ကြည့်ဖို့ ကျွန်တော်တို့

လိုအပ်ပါတယ်။ ပရမ်းပတာ ပြောဆိုမှုတွေ၊ လုပ်ကိုင်မှုတွေ၊ စည်းမဲ့ကမ်းမဲ့ စော်ကားတာတွေကို ထိန်းကိုင်နိုင်ဖို့ လိုပါတယ်။ ဒီနေ့ဒီအချိန်ဟာ ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရနှင့် ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော် ဖြစ်ပါတယ်။ ဥပဒေရဲ့သက်ရောက်မှုတွေ အားကောင်းလာဖို့ ပြည်သူ့အစိုးရဟာ ကြိုးစားဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီအတွက် အခု လွှတ်တော်ကို တင်ပြထားတဲ့ ပုဒ်မ ၈၀ နဲ့ ပတ်သက်ပြီးတော့ တင်ပြထားတဲ့ ဒီ (က)(ခ)(ဂ)(ဃ) နဲ့ပတ်သက်ပြီး ဒီနေရာမှာ တင်ပြထားချက်တွေ အားလုံးကို ထောက်ခံပါတယ်။ (ခ) မှာတော့ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(က) နှင့်ပတ်သက်ပြီးတော့ ဒီနေရာမှာ ရဲအရေးပိုင်တဲ့ အမှုအနေနဲ့ ဒါကို ကျွန်တော်တို့ ဒီ ထည့်သွင်းထားတာတွေကိုတော့ ဒီ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(က) နှင့် (ခ) ကိုတော့ ပြင်ဆင်ဖို့ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ) ကို မူလဥပဒေအတိုင်း ထားရှိဖို့ တင်ပြချင်ပါတယ်။ ဒါကို ခုနကပြောသလို ဝန်ကြီးဌာနရဲ့ ကြိုတင်ခွင့်ပြုချက် ရယူရမည်ဆိုတဲ့ အထဲထဲမှာ ထည့်သွင်းလိုပါတယ်။

နောက်ဆုံး တင်ပြလိုတာကတော့ ခုနက ပြောသလိုပဲ အရှေ့ပိုင်းမှာလည်း လွှတ်တော် ကိုယ်စားလှယ်ကြီးတွေ တော်တော်များများ ပြင်ဆင်အဆိုပြု ပြဋ္ဌာန်းချက်တွေ၊ ဒီ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေနဲ့ ပတ်သက်ပြီးတော့ ဘာကြောင့် ပြင်ဆင်ဖို့လိုလဲ ဆိုတာကတော့ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ အနေနဲ့လည်း ခုနက ဆွေးနွေးတင်ပြတဲ့အထဲမှာလည်း ပါ ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေတွေဟာ လိုအပ်ချက်အရ ဆက်လက်ပြီးတော့ ရှိနေသင့်တယ်။ ဒီအပေါ်မှာ အားနည်းချက်တွေကို ပြင်ဆင်လိုတဲ့ အချက်တွေကိုတော့ ထပ်မံပြင်ဆင်လိုပါကြောင်း တင်ပြရင်းနဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သော ကော်မတီဝင်က ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၂း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ) အရ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၇။**

**ဦးဇော်မင်း (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်။ ဒီနေ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက် ရတနာဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ စာမျက်နှာ (၉)မျက်နှာရှိတဲ့ အစီရင်ခံစာ ဖြစ်ပါတယ်။ အရေးကြီးတဲ့ ဥပဒေတစ်ရပ် ဖြစ်တဲ့အတွက် ကျွန်တော် အစက အဆုံး ဖတ်ကြား တင်ပြသွားပါမယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း
## အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇- ၃၆၅
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

၁။ အမျိုးသားလွှတ်တော်၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ မှ တင်သွင်းတဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင် ဆွေးနွေးရန်အတွက် ၉-၃-၂၀၁၇ ရက်နေ့က ပေးပို့လာပါသည်။ ဒီ ဥပဒေကြမ်းမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းကို တင်သွင်းခဲ့တဲ့ သက်ဆိုင်ရာ ကော်မတီ အပါအဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကချင်နိုင်ငံရေးပါတီများ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်ပညာရှင်များနှင့် ၂၅-၅-၂၀၁၇၊ ၂၂-၆-၂၀၁၇၊ ၆-၇-၂၀၁၇ နှင့် ၁၃-၆-၂၀၁၇ ရက်နေ့များမှာ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ကြပါတယ်။

### လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော ဖြတ်တောက်ခြင်း ဆိုသည်မှ စကားရပ်ကို ထပ်မံဖြတ်တောက်ခြင်း ဆိုသည်မှစကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ည)တွင် ဖော်ပြထားသော စကားရပ် များအစား တွင်းဝခွန် ဆိုသည်မှာ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းမှ ထွက်ရှိလာ သော ကျောက်မျက်ရတနာ အရိုင်းများအပေါ် ဤဥပဒေအရ ကောက်ခံသည့် အခွန် ကို ဆိုသည် ဟူသောစကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ည)၏ အောက်တွင်

အပိုဒ်ခွဲ(ဠ)အဖြစ် ရတနာခွန်ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာ အချောထည်၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း ရောင်းချခြင်းအတွက် ဤဥပဒေအရ ကောက်ခံသည့် အခွန်ကို ဆိုသည်ဟု အသစ် ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ်ခွဲ(ဌ)ကို (ဍ)အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ကုမ္ပဏီ ဆိုသည်မှာ တည်ဆဲ မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာဥပဒေအရ မြန်မာကုမ္ပဏီအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသားများသာ ပါဝင်သော ကုမ္ပဏီကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဏ)ကို (တ) ဟု ပြင်ဆင်ပြီးတော့ ယင်းတွင်ဖော်ပြထားသော ပြင်ပဧရိယာအတွင်း လုပ်ကွက်အကျယ်အဝန်း ဆိုသည့်စကားရပ်ကို ပြင်ပဧရိယာအတွင်း (၃)ဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(တ) ကို (ထ) အဖြစ် ပြင်ဆင်ထားပြီး ယင်းတွင်ဖော်ပြထားသောပြင်ပဧရိယာအတွင်း သာမန်လက်သုံး ကိရိယာများကိုဖြစ်စေ ဆိုသည့်စကားရပ်ကို ပြင်ပဧရိယာအတွင်း (၁)ဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်းဖြင့် သာမန်လက်သုံးကိရိယာများကိုဖြစ်စေ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ထ) ကို (ဒ) အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား လစ်လပ်လုပ်ကွက် ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ရန် ခွင့်ပြုမိန့်ချထားပေးခြင်း မရှိသေးသည့် လုပ်ကွက်နှင့် ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် လျှောက်ထားခြင်းမရှိသော လုပ်ကွက်ကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ကျောက်မျက်ရတနာများကို တရားမဝင်ထုတ်လုပ်ခြင်း ပပျောက်စေရန်အတွက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင် ထုတ်လုပ်ခြင်းများ ပပျောက်စေပြီး ပြည်ပသို့ တရားမဝင် တင်ပို့ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီး နှိမ်နင်းရန်နှင့် ပြည်ပမှ တရားမဝင် တင်သွင်းခြင်းများကို ထိန်းချုပ်ရန် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) မူလဥပဒေကြမ်း၏ အခန်း(၄) အခန်းခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များအစား အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် ကျောက်မျက်ရတနာ လုပ်ကွက်သတ်မှတ်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉ နှင့် အပိုဒ် ၁၀ တို့ကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

၉။ ဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန် အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ တူးဖော်နိုင်သည့်

နေရာများကို အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်ရာတွင် လုပ်ကွက်တစ်ခုနှင့် တစ်ခုအကြား မြေစာစွန့်ပစ်လမ်း ချန်လှပ်ထားရမည်။

၁၀။ (က) အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် နေရာပေါ် မူတည်၍ သင့်လျော်သော အတည်ပြုဈေးနှုန်းကို သတ်မှတ်ပေးရမည်။ အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သော ရွေးချယ်မှု စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။ ရွေးချယ်မှုစည်းကမ်းချက်များနှင့် ညီညွတ်သူ နှစ်ဦးအထက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းသည့်အခါ လွန်ခဲ့သော တူးဖော်ထုတ်လုပ်သည့် ကာလက ဆောင်ရွက်မှုသာလွန်သည့် ခွင့်ပြုမိန့်ရရှိသူကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ ဒေသခံကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ လက်ရှိလက်ငုတ်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သူကို တတိယဦးစားပေးအဖြစ်လည်းကောင်း ရွေးချယ်ရမည်။ ဤသို့ရွေးချယ်ရာတွင် တတိယဦးစားပေးအချင်းချင်း တူညီနေပါက ဈေးပြိုင်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ရမည်။

ဒီအချက်က ဥပဒေကြမ်းကော်မတီဝင်တွေနဲ့ ပါဝင်ဆွေးနွေးခဲ့ကြတဲ့ ပုဂ္ဂိုလ်များနဲ့ အချိန်ယူပြီးတော့ အကြေအလည် ဆွေးနွေးခဲ့ရတဲ့အချက် ဖြစ်ပါတယ်။

(ခ) တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကွက်အတန်းအစားအလိုက် သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူရမည်။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၁၄ တွင် ဖော်ပြထားသော ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာနသည် အလတ်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူနှင့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(က)၏ အောက်တွင် အပိုဒ်ခွဲ(ခ) အဖြစ် ပုဒ်မခွဲ(က) အရ ကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်ရာတွင် လုပ်ကွက် တစ်ခုနှင့် တစ်ခုအကြား မြေစာစွန့်ပစ်လမ်း ချန်လှပ်ထားရမည်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား အသေးစား တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့် ထုတ်ပေးရန် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသေးစား တူးဖော်

ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် အတည်ပြုဈေးနှုန်းကို သတ်မှတ်ရမည်။ အကယ်၍ လုပ်ကွက် တစ်ခုတည်းအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သော ရွေးချယ်မှုစည်းကမ်းချက်များ သတ်မှတ်ပေးရမည်။ ရွေးချယ်မှု စည်းကမ်းချက်များနှင့် ညီညွတ်သူနှစ်ဦးအထက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်း လာသည့်အခါ လွန်ခဲ့သော တူးဖော်ထုတ်လုပ်သည့်ကာလက ဆောင်ရွက်မှု သာလွန် သော ခွင့်ပြုမိန့်ရရှိသူကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ ဒေသခံကို ဒုတိယ ဦးစားပေးအဖြစ်လည်းကောင်း၊ လက်ရှိလက်ငုတ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သူကို တတိယဦးစားပေးအဖြစ်လည်းကောင်း ရွေးချယ်ရမည်။ ဤသို့ ရွေးချယ်ရာတွင် တတိယဦးစားပေးအချင်းချင်း တူညီနေပါက ဈေးပြိုင်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၀၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား အလတ်စား တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် ရရှိသူသည် ရတနာနယ်မြေတွင် မြေအသုံးပြု ခွင့်ပြုမိန့် ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထား ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ရတနာခွန်အပြင် အခြားအခွန်များကို ပြဋ္ဌာန်းချက်နှင့်အညီ ပေးဆောင်စေရန်အတွက် အပိုဒ် ၂၁၊ အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြ ထားသော စကားရပ်များအစား ဤဥပဒေအရ တွင်းဝခွန်၊ ရတနာခွန်နှင့် ဝန်ဆောင်ခ ပေးဆောင်ရမည့်အပြင် တည်ဆဲ အခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထိုက်သင့်သည့် အခွန်များကို ပေးဆောင်ရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် ၂၁၊ အပိုဒ်ခွဲ(စ) တွင် ဖော်ပြထားသော ရတနာခွန် ပေးဆောင်မှု ဆိုသည့်စကားရပ်ကို တွင်းဝခွန် ပေးဆောင်မှု ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၂ တွင် ဖော်ပြထားသော ရတနာခွန် ထမ်းဆောင်ပြီး ဆိုသည့် စကားရပ်ကို တွင်းဝခွန် ထမ်းဆောင်ပြီး ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော ရတနာခွန်ပေးဆောင်ပြီးသော ဆိုသည့် စကားရပ်ကို တွင်းဝခွန် ပေးဆောင်ပြီးသော ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(ခ)၏ အောက်တွင် အပိုဒ်ခွဲ(ဂ)အဖြစ် ဤဥပဒေအရ ရတနာခွန်နှင့် ဝန်ဆောင်ခ ပေးဆောင် ရမည့်အပြင် တည်ဆဲအခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ထိုက်သင့်သည့် အခွန်များ ပေးဆောင်ရမည်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၂၉ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနသည် အလတ်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၉ ၏ အောက်တွင် အပိုဒ် ၃၀ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

၃၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အသေးစား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အလတ်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ -

(က) ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အခြားသင့်လျော်သူများ ပါဝင်သော တန်ဖိုးဖြတ်အဖွဲ့များကို လိုအပ်သည့် နေရာဒေသအလိုက် ဖွဲ့စည်းရမည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(င) မူလဥပဒေကြမ်း အပိုဒ် ၃၀ နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င) တို့ကို အပိုဒ် ၃၁ နှင့် အပိုဒ် ၃၂၊ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းတို့တွင် ဖော်ပြထားသော ဝန်ကြီးဌာနက ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၃၂၊ အပိုဒ်ခွဲ(ဂ) အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ရတနာခွန်ကောက်ခံနိုင်ရန် ဆိုသည့်စကားရပ်ကို တွင်းဝခွန် ကောက်ခံနိုင်ရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း ၉၊ အခန်းခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များအစား တွင်းဝခွန်၊ ရတနာခွန်နှင့် ဝန်ဆောင်ခပေးဆောင်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ တွင်းဝခွန် ပေးဆောင်ရာတွင် သင့်တင့်သော ရာခိုင်နှုန်းဖြင့် ပေးဆောင်နိုင်စေရန်အတွက် အပိုဒ် ၃၂ ကို အပိုဒ် ၃၃ ဟု ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃၃။ ခွင့်ပြုမိန့် ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ပြီးနောက် တန်းဖိုးဖြတ်အဖွဲ့က ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ) အရ သတ်မှတ်သောတန်ဖိုးအပေါ် အခြေပြု၍ အောက်ပါ ရာခိုင်နှုန်းအတိုင်း မြန်မာကျပ်ငွေဖြင့် တွင်းဝခွန် ပေးဆောင်ရမည် -

(က) ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်ဖြစ်ပါက (၁၀)ရာခိုင်နှုန်း၊

(ခ) ပုဒ်မခွဲ(က)ပါ ကျောက်မျက်ရတနာများမှအပ အခြားကျောက်မျက်ရတနာ ဖြစ်ပါက (၅)ရာခိုင်နှုန်း၊

(စ) မူလဥပဒေကြမ်း အပိုဒ် ၃၃ ကို ၃၄ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ပုဒ်မ ၃၂ အရ ရတနာခွန် ဆိုသည့်စကားရပ်ကို ပုဒ်မ ၃၃ အရ တွင်းဝခွန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၄ ကို အပိုဒ် ၃၅ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၃၃ အရ တွင်းဝခွန် ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာ အရိုင်းကို ပြုလုပ်သော ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်

ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ဝန်ဆောင်ခ ပေးဆောင်ရမည့်နေရာတွင် ရောင်းချပါက အမှန်တကယ် ရောင်းချသည့်တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခ ပေးဆောင်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၅ ခေါင်းစဉ်ကို အပိုဒ် ၃၆ ခေါင်းစဉ်ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား လိုင်စင်ရရှိသူသည် ဤဥပဒေအရ တွင်းဝခွန်နှင့် ရတနာခွန် ပေးဆောင်ပြီးသော ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အခွန်အကောက်ဥပဒေအရ သတ်မှတ်နှုန်းထားများအတိုင်း ရတနာခွန် ပေးဆောင်စေရန်အတွက် အပိုဒ် ၃၅ ကို အပိုဒ် ၃၆ ဟု ပြင်ဆင်ပြီး အပိုဒ် ၃၆ ၏အောက်တွင် အပိုဒ် ၃၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

> ၃၇။ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချပါက အမှန်တကယ် ရောင်းချသည့်တန်ဖိုးအပေါ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရ သတ်မှတ်သည့် နှုန်းများအတိုင်း ရတနာခွန်ကို ပေးဆောင်ရမည်။

(ဆ) မူလဥပဒေကြမ်း အပိုဒ် ၃၈ ကို အပိုဒ် ၄၀ အဖြစ် ပြင်ဆင်ပြီးတော့ ယင်းတွင် ဖော်ပြထားသော မြန်မာနိုင်ငံမှထွက်ရှိသော ဆိုသည့်စကားရပ်ကို နိုင်ငံတော်မှ ထွက်ရှိသော ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၀၊ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း ဆိုသည့်စကားရပ်ကို အတည်ပြုဈေးနှုန်းသတ်မှတ်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ဃ) ကို အပိုဒ် ၄၀၊ အပိုဒ်ခွဲ(ဃ) အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ရတနာခွန်စည်းကြပ်ခြင်း ဆိုသည့်စကားရပ်ကို တွင်းဝခွန်နှင့် ရတနာခွန် စည်းကြပ်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(င) ကို အပိုဒ် ၄၀၊ အပိုဒ်ခွဲ(င) အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ရတနာခွန် စည်းကြပ်ရန် အလို့ငှာ ဆိုသည့်စကားရပ်ကို တွင်းဝခွန်နှင့် ရတနာခွန် စည်းကြပ်ရန် အလို့ငှာ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ည)ကို အပိုဒ် ၄၀၊ အပိုဒ်ခွဲ(ည) အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ကျောက်မျက်ဈေးများ၊ ကျောက်မျက်ပြတိုက်များအား ဆိုသည့်စကားရပ်ကို ကျောက်မျက်ရတနာဈေးများ၊ ကျောက်မျက်ရတနာပြတိုက်များအား ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် အပိုဒ် ၄၃ ကို အပိုဒ် ၄၅ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ထောင်ဒဏ် အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ဆိုသည့်စကားရပ်ကို အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၄

ကို အပိုဒ် ၄၆ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနှစ်နှစ်အထိ ဆိုသည့်စကားရပ်ကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၅ ကို အပိုဒ် ၄၇ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ဆိုသည့်စကားရပ်ကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထက်မပိုသောထောင်ဒဏ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၆ ကို အပိုဒ် ၄၈ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ဆိုသည့်စကားရပ်ကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၇ ခြေဆင်း ကို အပိုဒ် ၄၉ ခြေဆင်းဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ဆိုသည့်စကားရပ်ကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၉ ကို အပိုဒ် ၅၁ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ဆိုသည့်စကားရပ်ကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလထက် မပိုသော ထောင်ဒဏ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကတော့ ပြစ်ဒဏ်သတ်မှတ်ရာမှာ ဥပဒေရေးထုံးနဲ့ ညီအောင် ပြင်ဆင်ဖြည့်စွက်ခဲ့တာ ဖြစ်ပါတယ်။

(ဇ) မူလဥပဒေကြမ်း အပိုဒ် ၅၂ ကို အပိုဒ် ၅၄ ဟု ပြင်ဆင်ပြီး အပိုဒ် ၅၄၊ အပိုဒ်ခွဲ(ဂ) တွင် ဖော်ပြထားသော စကားရပ်များအစား လုပ်ငန်းဆောင်ရွက်ရာဒေသ၏ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျောက်မျက်ရတနာလုပ်ကွက်များ ပိတ်သိမ်းပြီး ပြန်လည်အပ်နှံရာတွင် မြေယာ ပြုပြင်ခြင်းနှင့် ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အခြားဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရာခိုင်နှုန်းထက်မနည်းသော ရန်ပုံငွေ တစ်ရပ်ကို ထူထောင်ထားရှိ ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော ဒေသခံပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ကို နိုင်ငံတကာအသိအမှတ်ပြု စံချိန် စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိစေရန်အတွက် ဒေသခံပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၇ တွင် ဖော်ပြပါရှိပြီး ဖြစ်သည့်အတွက် အပိုဒ် ၅၅ ကို ပယ်ဖျက်သင့်ကြောင်း စသည်ဖြင့် လေ့လာတွေ့ရှိရ ပါတယ်။

(ဈ) မူလဥပဒေကြမ်း အပိုဒ် ၅၆ ကို အပိုဒ် ၅၇ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ဆိုသည့်စကားရပ်ကို ပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းအား ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၈ ကို အပိုဒ် ၅၉ အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၅၉ ၏အောက်တွင် အပိုဒ် ၆၀ နှင့် အပိုဒ် ၆၁ ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

၆၀။ ဤဥပဒေ အကျိုးသက်ရောက်သည့်နေ့မှ ဤဥပဒေအရ ပေးဆောင်ရမည့် ရတနာခွန်နှုန်းထားများကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ထုတ်ပြန်ပြဋ္ဌာန်း အကျိုးသက်ရောက်သည့် နေ့ရက်မတိုင်မီကာလအတွက် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် ကျောက်မျက် ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်ထားသော ပစ္စည်းကိုဖြစ်စေ၊ ရောင်းချပါက တည်ဆဲပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့က ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ကျောက်မျက်ရတနာ အသေးစား တူးဖော်ထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတို့မှ လုပ်ကိုင်ခွင့်အတွက် ရရှိသည့် ငွေနှင့် တွင်းဝခွန်များကိုလည်းကောင်း၊ လိုင်စင်ထုတ်ပေးခြင်းမှ ရရှိသည့် လိုင်စင်ခများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ည) မူလဥပဒေကြမ်း အပိုဒ် ၅၉ ကို အပိုဒ် ၆၂ ဟု ပြင်ဆင်ပြီး အပိုဒ် ၆၂ ၏အောက်တွင် အပိုဒ် ၆၃ အဖြစ် ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၈/၁၉၉၅) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်ဟုလည်းကောင်း၊ အပိုဒ် ၆၀ ကို အပိုဒ် ၆၄ အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၆၄၊ အပိုဒ်ခွဲ(ခ)၏အောက်တွင် အပိုဒ်ခွဲ(ဂ) အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟုလည်းကောင်း၊ အပိုဒ် ၆၀ ကို အပိုဒ် ၆၄ အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၆၄ ၏အောက်တွင် အပိုဒ် ၆၅ အဖြစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၈/၁၉၉၅) ကို

ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် ဟု အသီးသီး အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) တည်ဆဲအထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြပါရှိသည့် ကျောက်မျက်ရတနာနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို အခြားအထူးကုန်စည်အမျိုးအစားများနှင့် သဘောသဘာဝချင်းတူညီမှု မရှိသည့်အတွက် အထူးကုန်စည်ဥပဒေမှ ပယ်ဖျက်၍ ကျောက်မျက်ရတနာဥပဒေတွင် ပြောင်းလဲဖော်ပြရန် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ လွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပြုပြီး သဘောတူညီခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခု ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းတွင် ရတနာခွန် ကောက်ခံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြည့်စုံစွာ ထည့်သွင်းပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်းကိုလည်း တစ်ဆက်တည်း တင်ပြအပ်ပါသည်။

(၅) မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်အတွက်သော်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်သော်လည်းကောင်း၊ ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း ပြင်ဆင်ခဲ့ပြီးဖြစ်ကြောင်း တစ်ပါတည်း တင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတင်သွင်းခဲ့တဲ့ သက်ဆိုင်ရာကော်မတီ အပါအဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကချင်နိုင်ငံရေးပါတီများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီ၊ မြန်မာနိုင်ငံကျောက်မျက် ရတနာလုပ်ငန်းရှင်များအသင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင် ပညာရှင်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောက်ရွက်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီကိုယ်စား လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၆ - ၇ -၂၀၁၇ (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု တောင်သူလယ်သမားရေးရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**ဦးသက်နိုင်စိုး (အဖွဲ့ဝင်၊ တောင်သူလယ်သမားရေးရာကော်မတီ)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ တာဝန်ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင်**

**တောင်သူလယ်သမားရေးရာကော်မတီ၏**

**လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်သည် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူ လယ်သမားများ၏ လူမှုစီးပွားရေးဘဝ ပိုမိုမြင့်တင်ပေးနိုင်ရေးအတွက်ရည်ရွယ်ကာ တောင်သူ

လယ်သမားရေးရာကော်မတီကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၁၆ ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တို့ ပါဝင်၍ အဖွဲ့ဝင်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

၂။　　ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီသည် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**ကော်မတီပြန်လည်ဖွဲ့စည်းခြင်း**

၃။　　ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကာလ၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၁၇ ဖြင့် တောင်သူလယ်သမားရေးရာ ကော်မတီ၏ အဖွဲ့ဝင်အဖြစ် ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ မန်းတိုးရွှေ အစား မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်ဆွေ အားလည်းကောင်း၊ ပဉ္စမပုံမှန် အစည်းအဝေးကာလ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၂၄/၂၀၁၇ ဖြင့် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်ဆာမူထူး အစား ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း အားလည်းကောင်း အဖွဲ့ဝင်အဖြစ် အစားထိုး၍ ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

**ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ**

၄။　　ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလတွင် ကော်မတီ၏ ပုံမှန်အစည်းအဝေးများကျင်းပခြင်း၊ အပြန်အလှန် ဆွေးနွေးပွဲ (Debate) အခမ်းအနားများ ကျင်းပခြင်း၊ ကော်မတီမှ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေး ခြင်းနှင့် ကော်မတီသို့ ပြည်သူများနှင့် တောင်သူလယ်သမားများထံမှ ပေးပို့လာသော တိုင်ကြားစာများ အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံ အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် ဆက်သွယ်၍ စိစစ်ဖြေရှင်းပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

**ကော်မတီအစည်းအဝေးများကျင်းပခြင်း**

၅။　　ကော်မတီအစည်းအဝေး ကျင်းပခြင်းအနေဖြင့် ကော်မတီဟာ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ မှ ဇူလိုင်လ ၁၄ ရက်နေ့အတွင်း ကော်မတီအစည်းအဝေးများကို(၆)ကြိမ် ကျင်းပခဲ့ပါတယ်။

**အပြန်အလှန်ဆွေးနွေးပွဲ (Debate) အခမ်းအနားကျင်းပခြင်း**

၆။　　၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ကြီးမှူး၍ စိတ်ပါဝင်စားသော အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်များသည် JICA ချေးငွေအထောက်အပံ့ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ (Two Step Loan) အစီအစဉ်များ၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရာတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) အခြေအနေအမျိုးမျိုးကွဲလွဲမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ JICA အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော် (J) ဆောင် ထမင်းစားခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

**၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ**

၇။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားရေးရာကော်မတီသည် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် (၁)ကြိမ်၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင်(၁)ကြိမ် စုစုပေါင်း (၂)ကြိမ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမတွင် အကြံပြုဆွေးနွေးခဲ့ကြပါတယ်။

**ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တွေ့ဆုံခြင်း**

၈။ ကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အောက်ပါအတိုင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည် -

(က) ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းမှန်ကန်ရေး၊ လယ်ယာမြေ စီမံခန့်ခွဲရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)နှင့် သက်ဆိုင်သည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ကော်မတီအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(ခ) ၂၀၁၇ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေ၊ အခြားစိုက်ပျိုးရေးဆိုင်ရာ ချေးငွေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ JICA ချေးငွေအထောက်အပံ့ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ (Two Step Loan) အစီအစဉ်များကိုလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ကော်မတီအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(ဂ) ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်

ဂုင်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လူထုဗဟိုပြု စီမံကိန်း ဆောင်ရွက်နေမှုများကို ကော်မတီအစည်းအဝေးခန်းမ၌ ဆွေးနွေးခဲ့ကြပါတယ်။

**လက်ခံရရှိသော တိုင်ကြားစာများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိခြင်း**

၉။ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီသည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်မှ ဇူလိုင်လ ၇ ရက်နေ့အထိ ပြည်သူများထံမှ တိုင်ကြားလာသည့် လယ်ယာမြေကိစ္စများနှင့်ပတ်သက်၍ တိုင်ကြားစာ(၃၂၇) စောင် လက်ခံရရှိခဲ့ပြီး ဆောင်ရွက်ရန်ရှိသည့် တိုင်ကြားစာများကို ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်အတူ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီး ဥက္ကဋ္ဌ၏လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့ခဲ့ရာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် (မြေ/ပြန်စစ်) ကော်မတီများမှ ဖြေရှင်းဆောင်ရွက်ပြီး၍ ကော်မတီသို့ ပြန်လည်ပေးပို့လာသည့် ပြန်ကြားစာများကို ပြန်လည်လေ့လာသုံးသပ်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြပြီး လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်ခြင်း**

၁၀။ ကော်မတီသည် အခါအားလျော်စွာ ကမ်းလှမ်းဖိတ်ကြားလာသည့် Workshopများ၊ Seminarများ၊ Debate များသို့ တက်ရောက်ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ အခါအားလျော်စွာ ပေးအပ်လာသည့်တာဝန်များအား ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူ တောင်သူလယ်သမားရေးရာကော်မတီဝင်များသည် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်မှ မတ်လ ၁၀ ရက်ထိ (၁) ကြိမ်၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်မှ ၂၉ ရက်အထိ (၁)ကြိမ် တက်ရောက်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်မှ ဇွန်လ ၁၃ ရက်အထိ World Bank Group က ကျင်းပပြုလုပ်သည့် မြေယာကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့ကြပါတယ်။

**အကြံပြုတင်ပြချက်များ**

၁၁။ တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို တောင်သူလယ်သမားရေးရာကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ အစီရင်ခံစာတွင် အောက်ပါအချက်များကို အကြံပြုတင်ပြအပ်ပါသည် -

(က) သိမ်းဆည်းခံလယ်ယာမြေကိစ္စရပ်များကို ဖြေရှင်းနိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်ရန်၊

( ခ ) စိုက်ပျိုးစရိတ်ချေးငွေများနှင့် စိုက်ပျိုးရေ အချိန်မီရရှိရေးနှင့် အပြည့်အဝရရှိရေးကို အလေးထား စီစဉ်ဆောင်ရွက်ပေးနိုင်ရန်၊

(ဂ) မျိုးကောင်း မျိုးသန့် မျိုးစေ့များ ပိုမိုတိုးတက်ဖြန့်ဖြူးနိုင်ရန်နှင့် စိုက်ပျိုးရေးပညာပေး လုပ်ငန်းများ အလေးထားဆောင်ရွက်ရန်၊

(ဃ) စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ခိုင်မာသည့် ဈေးကွက်ရရှိရေး အလေးထား ဆောင်ရွက်ရန်၊

(င) မြေအသုံးချမှုနှင့် လယ်ယာမြေများအား အခြားနည်းအသုံးပြုမှုကိစ္စများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် မြေကြီး၊ မြေပုံ၊ မြေစာရင်းများမှန်ကန်ရေး ဦးစားပေး ဆောင်ရွက်နိုင်ရန် အကြံပြုတင်ပြအပ်ပါတယ်။

**အထွေထွေတင်ပြချက်များ**

၁၂။ လယ်ယာကဏ္ဍနှင့် ပတ်သက်သည့် အခြားဥပဒေကောင်းများ ဖြစ်ပေါ်လာနိုင်ရေးနှင့် ပြည်သူများထံမှ ပေးပို့ရောက်ရှိလာသော တိုင်ကြားစာများနှင့်ပတ်သက်၍ အလျင်အမြန် ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

**နိဂုံး**

၁၃။ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာစေရေးကို ရှေးရှုလျက် ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်မူဘောင်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၁၃း၁၈ နာရီအချိန်တွင် ရပ်နားပါသည်။]